၇/၁၆

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ပရိယတ္တိပညာရေး စီမံကိန်းအရ
စနစ်သစ် ပထမပြန်စာမေးပွဲ

## ပထမလတ်တန်းအတွက်

# စာစပ်အခြေပြု နိယံနှင့် အဖြေ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၅

၁၇၅၃၃

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ် ပထမပြန်စာမေးပွဲ

## ပထမလတ်တန်းအတွက်

# စာစပ်အခြေပြုနိဿယနှင့်အဖြေ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ၁၉၈၅

ရန်ကုန်မြို့ ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒု-ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

ပထမလတ်တန်း စာစပ်အခြေပြုနိယံနှင့် အဖြေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ဈ |
| ၂။ | ရတနာသုံးပါး၌ စာစပ်နိယံစာကိုယ် | ၁ |
| ၃။ | မတ္တရာဆရာတော် စာစပ်နိယံစာကိုယ် | ၅ |
| ၄။ | စာစပ်အခြေပြုနိယံအဖြေ | ၇ |
| ၅။ | ပဏာမနှင့် ပဋိညာဉ် | ၇ |
| ၆။ | စာစပ်စည်းမျဉ်းဥပဒေ | ၈ |
| ၇။ | အခန်း(၁)ကာရကခြောက်ပါး | ၉ |
| ၈။ | ကတ္တုကာရက | ၉ |
| ၉။ | ကမ္မကာရက | ၁၁ |
| ၁၀။ | ကရဏကာရက | ၁၂ |
| ၁၁။ | သမ္ပဒါနကာရက | ၁၃ |
| ၁၂။ | အပါဒါနကာရက | ၁၄ |
| ၁၃။ | ကာရက(အကာရက) | ၁၆ |
| ၁၄။ | ဩကာသကာရက | ၁၆ |
| ၁၅။ | အခန်း(၂) အကာရက | ၁၈ |

## ပထမလက်တန်း စာစပ်အခြေပြု နိယံအဖြေ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | တုလျာဓိကရဏဝိသေသန | ၁၈ |
| ၁၇။ | နိဒ္ဒါရဏ | ၁၉ |
| ၁၈။ | လက္ခဏ | ၂၀ |
| ၁၉။ | အာလပန | ၂၂ |
| ၂၀။ | ကြိယာဝိသေသန(၁) | ၂၃ |
| ၂၁။ | ကာရကဝိသေသန | ၂၅ |
| ၂၂။ | အကာရကဝိသေသန | ၂၆ |
| ၂၃။ | ကြိယာဝိသေသန(၂) | ၂၆ |
| ၂၄။ | အဘိန္နဝိသေသန | ၂၇ |
| ၂၅။ | အစ္စန္တသံယောဂ | ၂၈ |
| ၂၆။ | သဟတ္ထ | ၂၉ |
| ၂၇။ | သဟယောဂ | ၂၉ |
| ၂၈။ | သဟာဒိယောဂ | ၃၀ |
| ၂၉။ | သမ္ဗန် | ၃၀ |
| ၃၀။ | ဟေတွတ္ထ | ၃၁ |
| ၃၁။ | နိမိတ် | ၃၁ |
| ၃၂။ | ကြိယာဝိသေသန,ရံခါပဟိတ် | ၃၂ |
| ၃၃။ | သရူပ | ၃၃ |
| ၃၄။ | အာကာရ | ၃၃ |
| ၃၅။ | နိဒဿန | ၃၄ |
| ၃၆။ | နိဒဿေတဗ္ဗ | ၃၄ |
| ၃၇။ | သမ္ဘာဝနာ,ဂရဟာ(၁) | ၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | ဂရုဟာ(၂) .... .... .... | ၃၆ |
| ၃၉။ | အနာဒရ .... .... .... .... | ၃၆ |
| ၄၀။ | အခန်း(၃)သိမှတ်ဖွယ်ရာအဖြာဖြာ .... | ၃၈ |
| ၄၁။ | ရူပကအနက် .... .... .... | ၃၈ |
| ၄၂။ | သဒိသအနက် .... .... .... | ၃၈ |
| ၄၃။ | ဥပမာအနက် .... .... .... | ၃၈ |
| ၄၄။ | သမုပေက္ခာအနက် .... .... .... | ၃၉ |
| ၄၅။ | ကတ္တုဋ္ဌကြိယာ .... .... .... | ၃၉ |
| ၄၆။ | ကမ္မဋ္ဌကြိယာ .... .... .... | ၄၀ |
| ၄၇။ | ကတ္တားဟောဝါကျ ပုဒ်ထားနည်း .... .... | ၄၁ |
| ၄၈။ | ကံဟောဝါကျ ပုဒ်ထားနည်း .... .... | ၄၁ |
| ၄၉။ | ဘောဟောဝါကျ ပုဒ်ထားနည်း .... .... | ၄၁ |
| ၅၀။ | သကမ္မကကြိယာ .... .... .... | ၄၂ |
| ၅၁။ | အကမ္မကကြိယာ .... .... .... | ၄၃ |
| ၅၂။ | ကတ္တားနှင့်ကြိယာ .... .... .... | ၄၃ |
| ၅၃။ | ကံဟောကြိယာ ကတ္တားဖြစ် .... .... | ၄၄ |
| ၅၄။ | အာချာတ်ကြိယာ ကတ္တား,ကံဖြစ် .... .... | ၄၅ |
| ၅၅။ | အမည်ဟောအာချာတ်ပုဒ် နာမ်ဖြစ် .... .... | ၄၅ |
| ၅၆။ | ဓာတ်,ပစ္စည်း၌ စပ်ရသောပုဒ် .... .... | ၄၅ |
| ၅၇။ | ဓာတ်၌သာ စပ်ရသောပုဒ် .... .... | ၄၇ |
| ၅၈။ | ကရိုက်းစသည် ဓာတ်၌စပ် .... .... | ၄၇ |
| ၅၉။ | ကာရက+ကိရိယာ(ကာ,ကိ) ခွဲ .... .... | ၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀။ | ဝါစ္စ+ဝါစက(ဝါစ်,ဝါ)ခွဲ.... | ၄၉ |
| ၆၁။ | ကာရကခြောက်ပါး ကြိယာမှာစပ် | ၅၁ |
| ၆၂။ | ဟိတ်,လက္ခဏ ကြိယာမှာစပ် | ၅၁ |
| ၆၃။ | သာမညာဓာရ, ဝိသေသာဓာရ | ၅၂ |
| ၆၄။ | သာမညကံ, ဝိသေသကံ.... | ၅၃ |
| ၆၅။ | ဝုတ္တကံ,အဝုတ္တကံ တဖန်ခွဲ | ၅၄ |
| ၆၆။ | သညာ, သညီကတ္တား | ၅၄ |
| ၆၇။ | ယု, ဏျု-ယှဉ် ဆဒ္ဒိကံ | ၅၅ |
| ၆၈။ | ကာရိုက်ကံနှင့် ဓာတ်ကတ္တား | ၅၆ |
| ၆၉။ | ကာရိုက်ကံ ဝိဘတ် | ၅၇ |
| ၇၀။ | ဒါသေန-ဓာတ်ကတ္တား | ၅၇ |
| ၇၁။ | ဒါသေန- ကာရိုက်ကံ | ၅၈ |
| ၇၂။ | သံပေါက်နိဂုံး | ၅၈ |
| ၇၃။ | အခန်း(၄)မတ္တရာဆရာတော်စာစပ်နိယံအဖြေ | ၅၉ |
| ၇၄။ | (က) ည်- ကတ္တား | ၅၉ |
| ၇၅။ | (ခ)ကို,သို့- ကံ | ၆၀ |
| ၇၆။ | (ဂ)ဖြင့်- ကရိဏ်း | ၆၀ |
| ၇၇။ | (ဃ) အား, ငှာ-သမ္ပဒါန်.... | ၆၀ |
| ၇၈။ | (င)မှ,အောက်,ထက်- အပါဒါန် | ၆၀ |
| ၇၉။ | (စ)၏-သမ္ဗန် | ၆၁ |
| ၈၀။ | (ဆ)၌- အာဓာရ | ၆၁ |
| ၈၁။ | (ဇ)ကြောင့်- ဟိတ်,ကာရဏ,နိမိတ် | ၆၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၂။ | (ဈ)နှင့်–သဟာဒိယောဂ .... .... | ၆၂ |
| ၈၃။ | (ည)တို့တွင်–နိဒ္ဒါရဏ .... .... .... | ၆၃ |
| ၈၄။ | (ဋ)သော–တုလျာဓိကရဏဝိသေသန .... .... | ၆၃ |
| ၈၅။ | (ဌ)အားဖြင့်–ဘိန္နာဓိကရဏဝိသေသန .... .... | ၆၃ |
| ၈၆။ | (ဍ)အားဖြင့်,စွာ,၍,ရကား,လျောက်,လျက်-ကြိယာဝိသေသန .... .... .... | ၆၃ |
| ၈၇။ | (ဎ)၍–ပုဗ္ဗ,အပရ,သမာနကြိယာဝိသေသန .... | ၆၄ |
| ၈၈။ | (ဏ)သော်–လက္ခဏ .... .... .... | ၆၅ |
| ၈၉။ | (တ)ဟူ၍–အာကာရ .... .... .... | ၆၆ |
| ၉၀။ | (ထ)ပတ်လုံး,တိုင်ကိုင်–အစ္စန္တသံယောဂ .... | ၆၇ |
| ၉၁။ | (ဒ)လည်းကောင်း–သရူပ .... .... | ၆၇ |
| ၉၂။ | (ဓ)ကဲ့သို့–နိဒဿန .... .... .... | ၆၈ |
| ၉၃။ | (န)တည်း–တုလျတ္ထ .... .... .... | ၆၈ |
| ၉၄။ | (ပ)အို–အာလပန .... .... .... | ၆၈ |
| ၉၅။ | (ဖ)ဝုတ္တ,အဝုတ္တ ခွဲနည်း .... .... .... | ၆၉ |
| ၉၆။ | အချီစကား .... .... .... | ၇၁ |
| ၉၇။ | အခန်း(၅)မြန်မာဘာသာစာစပ်နည်း .... .... | ၇၂ |
| ၉၈။ | မြန်မာဘာသာနှင့် ပုဒ်လေးမျိုး .... .... | ၇၂ |
| ၉၉။ | "နာမ်ပုဒ်များအကြောင်း" .... .... | ၇၃ |
| ၁၀၀။ | မုချသဒ္ဒါနှင့် ဥပစာသဒ္ဒါ ... .... .... | ၇၃ |
| ၁၀၁။ | မြန်မာဘာသာ မုချသဒ္ဒါငါးမျိုး .... .... | ၇၃ |
| ၁၀၂။ | မြန်မာဘာသာ ဥပစာသဒ္ဒါဆယ်မျိုး .... .... | ၇၄ |
| ၁၀၃။ | 'ကြိယာပုဒ်အကြောင်း' .... .... .... | ၇၈ |
| ၁၀၄။ | ကြိယာရင်း .... .... .... | ၇၉ |
| ၁၀၅။ | နာမ်ပေါင်းကြိယာ .... .... .... | ၇၉ |
| ၁၀၆။ | ကြိယာပေါင်းကြိယာ .... .... .... | ၈၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၇။ | ကဗျာလင်္ကာသုံးကြိယာ .... .... .... | ၈၀ |
| ၁၀၈။ | "ကာရကဝိဘတ်အကြောင်း" .... .... | ၈၁ |
| ၁၀၉။ | ကတ္တားဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... — | ၈၂ |
| ၁၁၀။ | ကံဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၃ |
| ၁၁၁။ | ကရိဏ်းဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၃ |
| ၁၁၂။ | သမ္ပဒါန်ဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၄ |
| ၁၁၃။ | အပါဒါန်ဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၄ |
| ၁၁၄။ | ဩကာသဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၅ |
| ၁၁၅။ | သာမိဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၆ |
| ၁၁၆။ | အာလုပ်ဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၆ |
| ၁၁၇။ | ဟိတ်ဝိဘတ် ပုံစံနှင့်စာစပ်ဟန် .... .... | ၈၇ |
| ၁၁၈။ | ကြိယာဝိသေသနအကြောင်း .... .... | ၈၇ |
| ၁၁၉။ | ကြိယာဝိသေသနသုံးမျိုး .... .... | ၈၇ |
| ၁၂၀။ | ပဒါလင်္ကာရ .... .... .... | ၈၉ |
| ၁၂၁။ | ပဒပူရဏ .... .... .... .... | ၉၀ |
| ၁၂၂။ | လေ့ကျင့်ခန်း(၁) .... — .... | ၉၁ |
| ၁၂၃။ | မဏိကုဏ္ဍလဝတ္ထု "မဟာသုတသောမ" မှ ကောက်နုတ်ချက် | ၉၁ |
| ၁၂၄။ | လေ့ကျင့်ခန်း(၂) .... .... .... | ၉၃ |
| ၁၂၅။ | သုဝဏ္ဏသာမ မြားခတော်မူခန်းမှ ကောက်နုတ်ချက် .... | ၉၃ |
| ၁၂၆။ | လေ့ကျင့်ခန်း(၃) .... .... — | ၉၅ |
| ၁၂၇။ | ဥမ္မာဒန္တီပျို့မှ ကောက်နုတ်ချက် .... .... | ၉၅ |


မာတိကာပြီး၏။

---

# နိဒါန်း

မန္တလေး ရတနာပုံမြို့တည်, နန်းတည် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရား လက်ထက်တော်က ဗုဒ္ဓဘုရားရှင် သာသနာတော်မြတ်ကြီး စည်ပင်ထွန်းလင်းစေခြင်းငှာ သာသနာတော်အရေး ရှင်းလင်းရန်အတွက် "သာသနသောဓက" သံဃရာဇာဖြစ်ထိုက်သောပုဂ္ဂိုလ်၊ သုဓမ္မာသဘင်ဝင်ထိုက်သောပုဂ္ဂိုလ်၊ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဖြစ်ထိုက်သောပုဂ္ဂိုလ်၊ ဥပုသ်ခေါင်းဖြစ်ထိုက်သော ပုဂ္ဂိုလ်များကို ရွေးချယ်စိစစ်လျက် ဂုဏ်ရည်အလျောက် ချီးမြှောက်ထိုက်သော ရာထူးဌာနန္တရများကို အသီးအသီး လွှဲအပ်ခန့်ထားတော်မူသည်။

တဖန် သာသနာသုံးရပ်တွင် ပရိယတ်သာသနာ လွန်စွာအားရှိမှ ပဋိပတ်သာသနာ အားရှိရာသည်။ ပဋိပတ်သာသနာအားပြည့်မှ ပဋိဝေဓသာသနာ အားပြည့်နိုင်ရာသည်ကို သဘောမိမိ နှလုံးထားရှိသဖြင့် အရင်းမူလ ပရိယတ်သာသနာတော်ကို လွန်စွာချီးမြှောက်လို၍—

တတိယစာချ အင်္ဂါသုံးပါး၊ ဒုတိယစာချ အင်္ဂါလေးပါး၊ ပထမစာချ အင်္ဂါငါးပါး၊ တံဆိပ်ရဆရာတော် အင်္ဂါခြောက်ပါး သတ်မှတ်လျက် ယင်းသတ်မှတ်ချက်အင်္ဂါနှင့် ညီညွတ်မှသာလျှင် တတိယစာချ, ဒုတိယစာချ, ပထမစာချအရာ၊ တံဆိပ်ရဆရာတော်အရာနှင့် ခန့်ထားချီးမြှောက်၍ ဆွမ်းဆန်တော်ဝတ် ထောက်ပံ့တော်မူသည်။

ဤသို့လျှင် မင်းတုန်းမင်းတရားလက်ထက်တွင် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်တော်မူသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တတိယစာချအရာ ဖြစ်ထိုက်သော အင်္ဂါသုံးပါးမှာ—

ထွက်, တက်,စာစပ်၊ ဖွင့်ခြောက်ချပ်၊ စုံအပ်တတိယာ
ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ကောန်ရသင့်ပါ။
ကောန်လိုက၊ အင်သုံးဝ၊ နှုတ်ကတက်နာနာ–

ဟူသည်နှင့်အညီ—

၁။ အထွက်, အတက် မြိုင်မြိုင်ပြောဆိုနိုင်ခြင်း။

၂။ စာစပ်အမြင်ပိုင်နိုင်ခြင်း။

၃။ သမ္ဗန္ဓ, ပဒစိန္တာ, ပဒတ္ထ, ပဒဝိဂ္ဂဟ, စောဒနာပရိဟာရ—
သံဝဏ္ဏနာခြောက်ဖြာ လှည့်နိုင်ခြင်း—

ဟူသော အင်္ဂါသုံးပါး ဖြစ်သည်။ ယင်းအင်္ဂါသုံးပါးနှင့် ညီညွတ်က တတိယစာချအရာ ခန့်တော်မူ၍ တလလျှင် သွမ် ဆန်သုံးတင်း နိဗဒ္ဓဝတ် ဖြင့် လှူဒါန်းတော်မူသည်။

ယင်းထုံးကို နှလုံးမူသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပရိယတ္တိပညာရေးစီမံကိန်း စာပေသင်ကြားရေး မူလေးရပ် ချမှတ်ရာ တွင် "ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း" ဟူသော မူအရ–စာစပ်အမြင် ပိုင်နိုင်ခြင်းသည် ပါဠိဘာသာတတ်မြောက် ကျွမ်းကျင်မှု အတွက် အဓိကကျသော အကြောင်းတရပ် ဖြစ်သည်။

အထက်ပါ တတိယစာချအရာ ခန့်ထားခြင်း အင်္ဂါသုံးပါးတွင် တပါး ပါဝင်နေခြင်းကပင် အဓိကကျကြောင်း ထင်ရှားနေသည်။ မှန်၏၊ နာမ်, အာချာတ်, နိပါတ်, ဥပသာ ပုဒ်လေးဖြာကို ကွဲပြားစွာ သိမြင်သူ သည် ယင်းပုဒ်တို့၏ စပ်ရာဆိုက်ရာကို မြင်ပါက ဆိုလိုသော အဓိပ္ပာယ်မှန် ကို ကျနစွာ သိရှိနိုင်သည်သာ ဖြစ်သည်။

ဒါတွင်မကသေး "စပ်ရာမှထွက်, ထွက်ရာမှာ စပ်" ဟူသော ဆောင် ပုဒ်အရ အထွက်, အတက် ကျမ်းသွား ကျမ်းလာ ပြုရာမှာလည်း စာစပ် အမြင်သန်မှုသည် လွန်စွာပင် အရေးကြီးလှပေသည်။ သို့ဖြစ်သော ကြောင့် စနစ်သစ် ပထမပြန်စာမေးပွဲ ပြဋ္ဌာန်းချက်တွင် "ငယ်,လတ်,ကြီး"

အတန်းအလိုက် စာစပ်ဆိုင်ရာ နိယံမျာ းကို ပြဋ္ဌာန်းပြီးလျှင် အတန်းအားလျော်စွာ "အကျဉ်းစာစပ်နည်း၊ မကျဉ်းမကျယ်စာစပ်နည်း၊ အကျယ်စာစပ်နည်း" အားဖြင့် သုံးမျိုးသုံးစားခွဲခြားလျက် တဆင့်ထက်တဆင့် စာစပ်ဉာဏ်ရင့်သန်မှုကို ရည်ရွယ်ပြီး စာပေသင်ကြားရေးမှုနှင့်ညီစွာ စာစပ်ဟန်စာစပ်နည်းများကို တချက်ခုတ် နှစ်ချက်ပြတ် "ကေပွဟာရဒီပ္ပနိ"နည်းဖြင့် နာမ်ပုဒ်၌ ကာရကရုပ်ပြီးပုံ၊ အာချာတ်ပုဒ်ကိတ်ပုဒ်တို့၌ ဓာတ်+ပစ္စည်း+ဝိဘတ် ပေါင်းစပ် ရုပ်ပြီးပုံများကိုပါ တပါတည်း ကျွမ်းကျင်မှုရှိအောင် လေ့ကျက်နိုင်ရန် စီစဉ်ရေးသားထားခြင်း ဖြစ်သည်။

ဤစာအုပ်တွင် အလတ်တန်းအလိုက် မကျဉ်းမကျယ် စာစပ်နည်းကို ထဘောဉာဏ်သက်အောင် လေ့ကျက်ပါက မည်သည့်ပုံစံ ပြယုဂ်ကိုပင် မဆို အလွယ်တကူ စာစပ်နိုင်ရုံမျှမက ရုပ်ပြီးပုံကိုပါ သိမြင်နိုင်ပြီး အနက်ဉာဏ်ကြွယ်ဝလျက် ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေရန်အတွက် "ဤစာစပ်နိယံ အဖြေက" အကူအညီ ပေးနိုင်လိမ့်မည်ကို ယုံကြည်စွာဖြင့် သင်ကြားလေ့ကျက်ပါရန် တိုက်တွန်းစကား မြွက်ကြားအပ်ပေသည်။

အထူးသဖြင့် "သုဓာတာဘိဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ မတ္တရာဆရာတော်၏ စာစပ်နိယံအဖြေ အခန်း (၄)ကို တိုတိုကျဉ်းကျဉ်း လိုရင်းမိမိ သိရှိနားလည်နိုင်အောင် စီစဉ်ရေးသားထည့်သွင်းထားပါသည်။ ယင်းဆိုရိုးအကျဉ်းကို "ဝါစုဂ္ဂတ, ကဏ္ဍာဂတ" နှုတ်တက်, အာဂုံ ကျေပွန်စွာဆောင်ထားသူအဖို့ လွယ်ကူစွာဖြင့် စာစပ်အမြင် ပိုင်နိုင်မည်ဖြစ်ကြောင်း ထပ်လောင်း၍ တိုက်တွန်းအပ်ပေသတည်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပညာရေးအဖွဲ့ငယ်

၁၅-၉ ၇၅

အတန်းအလိုက် စာစပ်ဆိုင်ရာ နိယံများကို ပြဋ္ဌာန်းပြီးလျှင် အတန်းအားလျော်စွာ "အကျဉ်းစာစပ်နည်း၊ မကျဉ်းမကျယ်စာစပ်နည်း၊ အကျယ်စာစပ်နည်း" အားဖြင့် သုံးမျိုးသုံးစားခွဲခြားလျက် တဆင့်ထက်တဆင့် စာစပ်ဉာဏ်ရင့်သန်မှုကို ရည်ရွယ်ပြီး စာပေသင်ကြားရေးမှုနှင့်ညီစွာ စာစပ်ဟန်စာစပ်နည်းများကို တချက်ခုတ် နှစ်ချက်ပြတ် "ကေပွ-ဟာရဒ္ဒိစ္ဆေဒ"နည်းဖြင့် နာမ်ပုဒ်၌ ကာရကရုပ်ပြီးပုံ၊ အာချာတ်ပုဒ်ကိတ်ပုဒ်တို့၌ ဓာတ်+ပစ္စည်း+ဝိဘတ် ပေါင်းစပ် ရုပ်ပြီးပုံများကိုပါတပါတည်း ကျွမ်းကျင်မှုရှိအောင် လေ့ကျက်နိုင်ရန် စီစဉ်ရေးသားထားခြင်း ဖြစ်သည်။

ဤစာအုပ်တွင် အလတ်တန်းအလိုက် မကျဉ်းမကျယ် စာစပ်နည်းကိုသဘောဉာဏ်သက်အောင် လေ့ကျက်ပါက မည်သည့်ပုံစံ ပြယုဂ်ကိုပင်မဆို အလွယ်တကူ စာစပ်နိုင်ရုံမျှမက ရုပ်ပြီးပုံကိုပါ သိမြင်နိုင်ပြီး အနက်ဉာဏ်ကြွယ်ဝလျက် ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေရန်အတွက် "ဤစာစပ်နိယံ အဖြေက" အကူအညီ ပေးနိုင်လိမ့်မည်ကို ယုံကြည်စွာဖြင့် သင်ကြားလေ့ကျက်ပါရန် တိုက်တွန်းစကား မြွက်ကြားအပ်ပေသည်။

အထူးသဖြင့် "သုဓာတာဘိဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ မတ္တရာဆရာတော်၏ စာစပ်နိယံအဖြေ အခန်း (၄)ကို တိုတိုကျဉ်းကျဉ်း လိုရင်းမိမိ သိရှိနားလည်နိုင်အောင် စီစဉ်ရေးသားထည့်သွင်းထားပါသည်။ ယင်းဆိုရိုးအကျဉ်းကို "ဝါစုဂ္ဂတ, ကဏ္ဌာဂတ" နှုတ်တက်, အာဂုံ ကျေပွန်စွာဆောင်ထားသူအဖို့ လွယ်ကူစွာဖြင့် စာစပ်အမြင် ပိုင်နိုင်မည်ဖြစ်ကြောင်း ထပ်လောင်း၍ တိုက်တွန်းအပ်ပေသတည်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပညာရေးအဖွဲ့ငယ်

၁၅-၉ ၇၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ပညာရေး အဖွဲ့ငယ်မှူ

# ခါစပ်အခြေပြုနိယံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမော တဿ ဘဂဝတော နိရုတ္တညုနော မဟာဝေယျာကရဏိကဿ။

ပဏာမ

(က) ရတနာသုံးပါး၊ ဆရာအား၊ ဦးဖျား ထိပ်ဝယ်ပန်။

ပဋိညာဉ်

(ခ) နောင်လာ နောက်သား၊ မှတ်ဖို့အား၊ ကြားအံ့ သံပေါက်သံ။

---

## အခန်း (၁)

### ကာရကခြောက်ပါး

၁။ သည်, ကား, နှစ်ဖြာ၊ ကတ္တားသာ၊ ကံ, မှာ ကို, သို့ ပြန်၊

၂။ ဖြင့် ကရဏ၊ အား, ငှာ, ပြ၊ မှတ်ကြ သမ္ပဒါန်။

၃။ မှ, အောက်, ထက်, ဟု၊ ဤသုံးခု၊ ယူမှု အပါဒါန်။

၄။ ကြောင့်, ပေးတိုက၊ မှတ်နည်းပြ၊ မှတ်ကြ ကာရဏံ။

၅။ ၌, ဟု ပေးက၊ အာဓာရ၊ သြကာသ ဟု ကြံ။

ကာရကခြောက်ပါးပြီး၏။

---

စ၁၀ပ် (လတ်) ၁—မ၊ မ၊ ထ၊ စ

# အခန်း (၂)

## အ-ကာရကများ

၆။ ထသော သော, ဟူ၊ ဝိသိသ်ယူ၊ တွင် မူ နိဒ္ဒါရေဏ။

၇။ သော်, လတ်သော်, မှာ၊ လက္ခဏာ၊ နောက် ကြိယာ လက္ခဏတ္ထ။

၈။ လက္ခဏာ၌၊ဆိုက်ရောက်လေပြား၊ကံ,ကတ္တား၊မှတ်သား လက္ခဏာဝန္တ။

၉။ လက္ခဏ၌သာ၊ ဆိုက်ပါတုံပြား၊ ကံ, ကတ္တား၊ ထူးခြား လက္ခဏဝန္တ။

၁၀။ အို, ဟယ်, အချင်း၊ အမင်း, အမောင်၊ အနက်ဆောင်၊ နားထောင် အာလပန။

၁၁။ အာလုပ် အနက်မှတ်၊ ကြိယာမှာစပ်၊ ဖြစ်လတ် ကြိယာဝိသိသ်။

၁၂။ လျောက်, လျက်, စွာ, ပေး၊ သဖြင့်, ပေး၊ စပ်ရေး ကြိယာဝိသိသ်။

၁၃။ အားဖြင့်, ပေးလတ်၊ ကာရကမှာစပ်၊ မှတ်လေ ကာရကဝိသိသ်။

၁၄။ အားဖြင့်, ပေးလတ်၊ အကာရကမှာစပ်၊ မှတ်လေ အကာရကဝိသိသ်။

၁၅။ အားဖြင့်, ပေးလတ်၊ ကြိယာမှာစပ်၊ မှတ်လေ ကြိယာဝိသိသ်။

၁၆။ အားဖြင့်, ပေးရာ၊ ကြိယာဝိသေ၊ တထွေဝိသေသ်၊ ရတုံလစ်၊ စပ်ဖြစ် အ-ဘိန္နဝိသိသ်။

၁၇။ ပတ်လုံး, တိုင်တိုင်၊ တိုင်အောင်, တိုင်လောက်၊ အနက်ကောက်၊ မှတ်လောက် အစ္စန္တ။

၁၈။ သဒ္ဒိံ, သဟ၊ စ,သည်မယှဉ်၊ နှင့်, ပေးလျှင်၊ မှတ်ချင် သဟတ္ထ။

၁၉။ သဟ, ယှဉ်ကာ၊ နှင့်, ပေးရာ၊ မှတ်ပါ သဟယောဂ။

၂၀။ သဒ္ဒိံ, နာနာ၊ သမံ, ပါပြား၊ နှင့်, ဟု ကြား၊ မှတ်သား သဟာဒိယောဂ။

၂၁။ ၏,ပေးကမူ၊ သမ္ဗန်,ဟူ၊ ကြောင့်,မူ ဟေတွတ္ထ။

၂၂။ သတ္တမီဝိဘတ်၊ ကြောင့်, ပေးလတ်၊ စွဲမှတ် နိမိတ္တ။

၂၃။ ၌, ရကား,မှာ၊ ကြိယာဝိသိသ်၊ ရံခါဟိတ်၊ တံဆိပ်ခတ်ရှုပြ။

၂၄။ လည်းကောင်း, ပေးမူ၊ သရုပ်, ယူ၊ ဟူ၍, အာကာရ။
၂၅။ (က) ဝေ့ဏ္ဍတိ၊ ရှိသည့်ပုဒ်မှာ၊ သို့, ပေးရာ၊ မှတ်ပါ နိဒဿန။
(ခ) လည်းကောင်းပေးအပ်၊ ဏ္ဍတိစပ်၊ နိဒဿေတဗ္ဗ။
၂၆။ သော်လည်း, ပေးရာ၊ သမ္ဘာဝနာ၊ ဂရဟာ အချို့ရ။
၂၇။ မူလည်း, လျှင် မှာ၊ ဂရဟာ၊ စဉ့်မှာ အနာဒရ။

အ-ကာရကများ ပြီး၏။

---

## အခန်း (၃)

### သိမှတ်ဖွယ်ရာ အဖြာဖြာ

၂၈။ တည်းဟူသော,နှင့်၊ ဟူသော, ပေးရာ၊ အနက်မှာ၊ မှတ်ပါ ရူပက။
၂၉။ နှင့်,တူပါရာ၊ အနက်မှာ၊ မှတ်ပါ သဒိသ။
၃၀။ ကဲ့သို့, ပေးရာ၊ ဥပမာ၊ မြဲစွာ မှတ်ကုန်ကြ။
၃၁။ ပုဒ်နက်နှစ်ခု၊ ပြိုင်တူပြု၊ သမုပေက္ခာ ပြ။
၃၂။ ကတ္တားဟောရှာ၊ ကြိယာ၊ မှတ်ပါ ကတ္တာဒွ။
၃၃။ ကံဟော ကြိယာ၊ ဟူသည်မှာ၊ မြဲစွာ ကမ္မဒွ။
၃၄။ ကြိယာကတ္တား၊ ပေါလပြား၊ ကဘ္တား ဝုတ္တနေ။
၃၅။ ကတ္တား ဝုတ္တ၊ ရှိလက၊ အ-ဝုတ္တ ကံ ဟူပေ။
၃၆။ ကံဟောကြိယာ၊ ရှိသောခါ၊ ကံသာ ဝုတ္တစပ်။
၃၇။ ကံမူ ဝုတ္တ၊ ရှိလက၊ အ-ဝုတ္တ ကတ္တားမှတ်။
၃၈။ ဘောဟောကြိယာ၊ ရှိသောခါ၊ နှစ်ဖြာကံ, ကတ်၊ အဝုတ္တဟု မှတ်။
၃၉။ သ-ကမ္မကကြိယာ၊ ရှိသောခါ၊ နှစ်ဖြာကံ, ကတ်၊ ရှိမြဲမှတ်။
၄၀။ အ-ကမ္မကကြိယာ၊ ရှိဝါကျာ၊ ကတ်, သာ ရှိနေတတ်။

၄၁။ ကတ္တား, ကြိယာ၊ ဟူသည်မှာ၊ နိစ္စာယှဉ်မြဲမှတ်။

၄၂။ ကံဟောကြိယာ၊ နောက်မှာအဟုတ်၊ အာချာတ်ထုတ်၊ မယုတ် ကတ္တားလွှဲ။

၄၃။ အာချာတ်ပုဒ်ကား၊ ရံခါငြား၊ ကတ္တား, ကံ ဖြစ်မြဲ။

၄၄။ အမည်ပြုလုပ်၊ အာချာတ်ပုဒ်၊ မယုတ် နာမ်ဖြစ်မြဲ။

၄၅။ ကံနှင့်ကတ္တား၊ ဝုတ္တာငြား၊ နှစ်ပါး ဓာတ်, ပစ္စည်းမှာစပ်။

၄၆။ အ–ဝုတ္တာပင်၊ ကံ, ကတ်, မြင်၊ ဓာတ်တွင် ရွှေသာစပ်။

၄၇။ ကရိုက်း စ, သား၊ ဤလေးပါး၊ မမှား ဓာတ်တွင် စပ်။

၄၈။ ဓာတ်တွင် ရွှေတိ၊ စပ်တုံဘိ၊ ကာ, ကိ ခွဲ၍ဆို။

၄၉။ ပစ္စည်းတွင်သာ၊ စပ်သောခါ၊ ဝါစ်, ဝါ ခွဲ၍ဆို။

၅၀။ ကာရကခြောက်ဖြာ၊ စပ်အပ်ရာ၊ ကြိယာ တွင်သာ မှတ်။

၅၁။ ဟိတ်, လက္ခဏာ၊ ဟူသည်မှာ၊ ကြိယာ တွင်သာ စပ်။

၅၂။ အာဓာရနှစ်ဖြာ၊ ဆင့်၍လာ၊ ရှေ့မှာ သာမညာ၊ နောက်မှာဝိသေသ။

၅၃။ ဝုတ္တံ, သန္ဓာယ၊ နှစ်ပါးပြ၊ ဝုတ္တံ, ကံကား သာမညာ၊ သန္ဓာယ, ကံကား ဝိသေသ။

၅၄။ ဝုတ္တံ, ကံ ကား၊ ဝုတ္တ၊ သန္ဓာယ, ကံ ကား၊ အ–ဝုတ္တ။

၅၅။ သညာ, နာမ၊ ယှဉ်ပြပုဒ်သာ၊ သည် ပေးရာ၊ သညာ ကတ္တားမှတ်။

၅၆။ ယင်းမှရှေ့ဆီ၊ သည် ပေးပြီ၊ သညီကတ္တား မှတ်။

၅၇။ ယု, ဏွု နှစ်ဖြာ၊ အယှဉ်မှာ၊ ကံ, သာ ဆဋ္ဌီ မှတ်။

၅၈။ ကာရိတ်ကံကား၊ ဓာတ်ကတ္တား၊ မပြား ရတူမှတ်။

၅၉။ ကာရိတ်ကံ, မှာ၊ ဒုတိယာနှင့်၊ တတိယာ, ဆဋ္ဌီ။ ဤသုံးလီ ယှဉ်မှီ သက်မြဲမှတ်။

၆၀။ ဒါသေန ဝယ်၊ နည်းနှစ်သွယ်၊ ညာဏ်ကျယ်သူတို့ထား။

၆၁။ ဗာလာဝတာ၊ ညာသ်ဆာ၊ မိန့်မှာ ခေတ်ကတ္တား။

၆၂။ ရှုပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အခိန့်ရှိ၊ သိလေ ကာရိတ်ကံ။

၆၃။ သံပေါက်ကဗျာ၊ ရသူမှာ၊ နပ်ရှာ စာစပ်ညာဏ်။

သိမှတ်ဖွယ်ရာ အပြောပြောပြီး၏။

**စာစပ်အခြေပြုနိယံ ပြီး၏။**

---

## အခန်း (၄)

### မတ္တရာဆရာတော်

### စာစပ်နိယံ စာကိုယ်

ရတနာသုံး၊ မုတ္တာကုံးကို၊ ဦးလုံးထိပ်မှာ၊ ဆင်ပြီးခါမှ၊ နောင်လာသောတု၊ အခြေပြုတို့၊ ကြည့်ရှုလေ့ကျက်၊ ဆောင်ရွက်စိမ့်မှာ၊ မာတိကာနှင့်၊ စပ်ရာစပ်ပုံ၊ ဥဒါဟရဏ်ကို၊ ညှဉ်ပြွမ်း၊ ရေးသားခဲ့မည်—

(က) သည်-မှာကတ္တား။

(ခ) ကို, သို့-ကား ကံ။

(ဂ) ကရိုဏ်းမှန်က၊ ဖြင့်-ပေးကြရာ။

(ဃ) အား, ငှာ-သမ္ပဒါန်။

(င) အပါဒါန်မှာ၊ စဉ်လာမပျက်၊ မှ, အောက်, ထက်-တည့်။

(စ) ၏-ပေးကမူ၊ သမ္ဗန်ယူလော့။

(ဆ) ၌-မူ အာဓာရ။

(ဇ) ကြောင့်-ပေးကလျှင်၊ ဟိတ်, ကာရဏ, နိမိတ္တ-သာ။

# ပထမလတ်တန်း စာစပ် အခြေပြုနိယံ

(ဈ) သဟာဒိယောဂ၊ နှင့် ပေးကြ၏။

(ည) နိဒ္ဒါရဏ၊ တို့တွင်။

(ဋ) သော-လျှင် တုလျာ၊ ဝိသေသတည်း။

(ဌ) ဘိန္နာ-အားဖြင့်။

(ဍ) အားဖြင့်,တဖြာ၊စွာ, ၍, ရကား၊ လျှောက်-ကား တချက်၊
လျက်, ကားတတန်၊ စပ်ရန်ကြိယာ၊ ဝိသေသတည်း။

(ဎ) ၍-မှာ ပုဗ္ဗ၊ ကာလကြိယာ၊ အပရ, သမာန။

(ဏ) သော်-ပေးကမ္မ၊ မှတ်ယူလက္ခဏာ။

(တ) ဟူ၍-ပါက၊ အာကာရတည်း။

(ထ) အစ္စန္တသံယောဂ၊ မည်ရခေါ်နှုံး၊ မြန်မာထုံးကို။
ပတ်သုံး-ကာလ၊ အဒ္ဓ-တိုင်တိုင်၊ စပ်ဆိုင်အကြောင်း။

(ဒ) လည်းကောင်း-သရူပ၊ သရူပဝန္တ။

(ဓ) ဤသို့-ပါက၊ နိဒဿန။

(န) တုလျတ္ထ-မှာ၊ တည်း-ဟုလာ၏။

(ပ) အို-မှာ အာလုပ်၊ စပ်ရန်ထုတ်သည်။

ဆောင်ပုဒ်လင်္ကာ—နိဒါန်းတည်း။

"သုဇာတာဘိဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ရ

မတ္တရာဆရာတော်ဘုရားကြီး၏ စာစပ်နိယံပြီး၏။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေးစီမံကိန်း

စနစ်သစ်ပထမပြန်စာမေးပွဲ

## ပထမလတ်တန်းအတွက်

# ဓာဒပ်အခြေပြုနိုယံ – အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမတ္ထု နိရုတ္တိ ပဋိသမ္ဘိဒါဉာဏိနော။

---

ပဏာမနှင့် ပဋိညာဉ်

ရတနာသုံးပါး၊ ဆရာအား၊ ဦးဖျားထိပ်ဝယ်ပန်။

နောင်လာနောက်သား၊ မှတ်ဖို့အား၊ ကြားအံ့သံပေါက်သံ။

ဘုရား တရား သံဃာ၊ ရတနာသုံးပါး၊ ဆရာအားကို၊ သဒ္ဓါဆပွား၊ ထပ်မနားလျှင်၊ ပြားပြားတုံ့ဝပ်၊ စပ်စပ်လက်ချ၊ ဦးညွှတ်ခလျက်၊ မသေဒ္ဒါ၊ နူးသေးစွာသား၊ နောင်လာအများ၊ စာသင်သားတို့၊ မှတ်သား ထေ့ထေ့၊ လေ့လေ့သရဇ္ဈာယ်၊ ဉာဏ်ဖြင့်နယ်က၊ သိလွယ်ပယောဂံ၊ သဒ္ဒါင်ရေး၊ ကြံတွေးပြီးကာ၊ သံပေါက်စာကို၊ ငါမထေရ်သည်၊ ရှင်ကြည် ဇောပြေး၊ ကရုဏာရှေး၍၊ ရေးသားစီရင်ပါအံ့။

## စာစပ်စည်းမျဉ်းဥပဒေသ

### စာစပ်လက္ခဏာလင်္ကာ

စာစပ်လက္ခဏာ၊ မှတ်ပြီးခါမှ၊ စပ်ရာစပ်ခွင့်၊ စပ်သင့်သည်အား၊ လျော်စွာများကို၊ ခြားနားပုံသော၊ ပြည့်နှန်းပေအံ့—

ကျွန်ုပ်ဝိသေသ၊ ကာရကအမတ်၊ အာချာတ်ရှင်ဘုရင်၊ ကိတ်လျှင်အိမ်ရှေ့မင်း၊ မယှဉ်းတူစွာ၊ မှတ်တိုရာရှင့်။

အမတ်ခလေ့၊ အိမ်ရှေ့မင်းမှာ၊ ရာဇာဘုရင်၊ အစပ်မှာစပ်။ အာချာတ်, ကိတ်ထံ, သမ္ဗန်, အာလပန၊ နိဒ္ဒါရဏတို့၊ မှုချဆတ်ဆတ်၊ မစပ်အပ်ပိမ့်။

ဟိတ်, လက္ခဏ, အစ္စန္တကို၊ စပ်ရာမယှင်း၊ မှန်ပုံခင်းသည်၊ မပျင်းနေ့ည၊ ကြိုးစားကြ။

### ရှင်းလင်းချက်

(က) လောက၌ အိမ်ရှေ့မင်း, အမတ်ကြီးတို့သည် ပြည့်ရှင်မင်းထံ၌ ဆည်းကပ် ဆိုက်ရောက်ရကုန်သကဲ့သို့လည်းကောင်း၊ အမတ်ကြီးတို့သည် အိမ်ရှေ့မင်းထံ၌လည်း ဆည်းကပ်ဆိုက်ရောက်ရကုန်သကဲ့သို့လည်းကောင်း၊ အိမ်ရှေ့မင်းနှင့်တူသော ကိတ်ကြိယာကို ပြည့်ရှင်မင်းနှင့်တူသော အာချာတ်ကြိယာ၌သာ စပ်အပ်၏။ အမတ်ကြီးနှင့်တူသော ကာရကခြောက်ပါးတို့ကို အိမ်ရှေ့မင်းနှင့်တူသော ကိတ်ကြိယာ၌လည်းကောင်း၊ ပြည့်ရှင်မင်းနှင့်တူသော အာချာတ်ကြိယာ၌လည်းကောင်း၊ ယထာရဟ ဆိုက်စပ် အပ်ကုန်၏။

(ခ) မင်းချင်း သူဆင်းရဲတို့သည် အမတ်ကြီးတို့ထံ၌သာ ဆည်းကပ်ခစားခွင့် ရကုန်သကဲ့သို့ မင်းချင်း သူဆင်းရဲတို့နှင့်တူသော သမ္ဗန်, နိဒ္ဒါရဏစသော အကာရကတို့ကို အမတ်ကြီးတို့နှင့်တူသော ကာရကခြောက်ပါးတို့၌သာ ယထာရဟ ဆိုက်စပ်အပ်ကုန်၏။

(ဂ) ဟိတ်, လက္ခဏာတို့ကို ကြိယာ၌ စပ်ရာ၏။
(ဃ) အစ္စန္တသံယောဂကို ကာရက, ကြိယာနှစ်ပါး၌ ယထာရဟ စပ်အပ်၏။
(င) အလပန မှာကား စပ်ရာကင်း၏မှတ်(တနည်းသော်ကား) ကြိယာ၌ စပ်လေ။

---

# အခန်း (၁)

## ကာရကခြောက်ပါး

### ကတ္တုကာရက

(နိယံ) သည်ကားနှစ်ဖြာ၊ ဇတ္တားသာ၊ ကံမှာကို့သို့ပြန်။

ကတ္တုကာရကသည် ဝုတ္တကတ္တား, အဝုတ္တကတ္တားအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်—

(က) သည်ဟူ၍လည်းကောင်း၊ ကား- ဟူ၍လည်းကောင်း အနက်ပေးသော ဇ တ္တုသံသဋ္ဌ လိင်အနက်ကို ဟောကာမျှ ထွန်းကာမျှတည်း၌ ပထမာဝိဘတ် သက်၍ပြီးသော ပုဒ်သည် ဝုတ္တ ဇ တ္တားမည်၏။

(ခ) သည့်,တို့သည် ဟူ၍အနက်ပေးသော အဝုတ္တကတ္တား အနက်၌ တတိယာဝိဘတ်သက်၍ ပြီးသောပုဒ်သည် အဝုတ္တကတ္တားမည်၏။

**မှတ်ချက်။** ။ပထမာဝိဘတ်သည် ကတ္တားအနက်ကိုမဟောမူ၍ ထွန်းပြ ရုံမျှကိုရည်၍ "ဟောကာမျှ ထွန်းပြကာမျှတည်း၌" ဟု ဆိုသည်။

ပထမာဝိဘတ်ကို သည်-ဟုပေးလျှင် ဝုတ္တကတ္တားမှတ်။ ပထမာဝိဘတ်မှတပါးသော ဝိဘတ်ကို "သည်" ဟုပေး လျှင် အဝုတ္တကတ္တားမှတ်။

ပုံစံကား—(က) ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။

(ခ) သွာက္ခာတော ဘဂဝတာ ဓမ္မော။

(ဂ) ဝေသော နေသာ သတ္ထာ။ ။စသည်တည်း

စပ်ဟန်ကား –(က) ဘဂဝါ-ကား သည်-ဟု အနက်ပေးသော ပထမာ ကေဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့် ဝိဟရတိ-၌ ဝုတ္တကတ္တုဝါစ္စ။

ဝိဟရတိ-ကား ဝိပုဗ္ဗ + ဟရဓာတ် + ကတ္တားအနက်၌ သက်သော အပစ္စည်း + နာမယောဂပထမပုရိသ် တိဝိဘတ်ဖြစ်သောကြောင့် ထိုပထမန္တ(ဘဂဝါ)ကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။

(ခ) ဘဂဝတာ- ကား သည်- ဟု အနက်ပေးသော ကတ္တားအနက်၌သက်သော တတိယာကေဝစနန္တနာမ်ပုဒ် ဖြစ်သောကြောင့် သွာက္ခာတော-၌ အဝုတ္တကတ္တုဝါစ္စ။ သွာက္ခာတော-ကား၊ သု+အာပုဗ္ဗ+ ခါဓာတ်+ ကမ္မတ္ထ တပစ္စည်း ဖြစ်သောကြောင့် ထိုတတိယန္တ (ဘဂဝတာ) ကတ္တားကို မဟောသော ကိတ်ကြိယာဝါစက။

(ဂ) ဝေသော-ကား ကား-ဟု အနက်ပေးသော ပထမာကေဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့် ဟောတိ ဟူသော ပါဌ်သေသဖြစ်၌ (ဝါ) ပုဒ်သစ်၌ ဝုတ္တကတ္တုဝါစ္စ။ ဟောတိ-ကား ဟူဓာတ်+ကတ္တတ္ထ အ-ပစ္စည်း+နာမ-ယောဂ ပထမပုရိသ် တိဝိဘတ် ဖြစ်သောကြောင့် ထိုပထမန္တ (ဝေသော) ကတ္တားကို ဟောသော အာချာတ် ကြိယာဝါစက။

တနည်းကား။ ဝေသောကား၊ ကား-ဟု အနက်ပေး သော ပထမာကေဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့် သတ္ထာ-၌ ဒြပ်-လိင်အနက်အရတူသော တုလျတ်။

သတ္တာ-ကား ထိုပထမန္တ ကတ္တားနှင့် တူသော လိင်, ဒြပ် အနက်ရှိသောကြောင့် လိင်္ဂတ်။

---

## ကမ္မကာရက

ကမ္မကာရကသည် ဝုတ္တကံ, အဝုတ္တကံအားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုတွင် - ကို, တို့ကို ဟု အနက်ပေးရသော ကမ္မသံသဋ္ဌ လိင်အနက် ပထမာဝိဘတ် သက်၍ပြီးသော ပုဒ်သည် ဝုတ္တကံမည်၏။

ကို, တို့ကို သို့, တို့သို့-ဟု အနက်ပေးရသော ကံအနက်၌ ဒုတိယာ ဝိဘတ်သက်၍ ပြီးသောပုဒ်သည် အဝုတ္တကံမည်၏။

**မှတ်ချက်။** ။ပထမာဝိဘတ်ကို ကို-ဟု အနက်ပေးလျှင် ဝုတ္တကံမှတ်။ ပထမာဝိဘတ်မှ တပါးသော ဝိဘတ်ကို ကို-ဟု အနက်ပေး လျှင် အဝုတ္တကံမှတ်။

**ဆောင်ပုဒ်။** ။ကံနှင့် ကြိယာ အရတူရာ၊ အမှန်ဝုတ္တသာ။ ကတ္တား နည်းတူပါ။

**ပုံစံထား** (က) ဂုဏဝန္တော ပသန္တိ ဇနာ။

(ခ) သွာက္ခာတော ဘဂဝတာ ဓမ္မော။

(ဂ) ဇေတဝနံ ဂစ္ဆန္တိ သာဝတ္ထိဝါသိနော။ စသည်တည်း။

**စပ်ဟန်ကား** (က) ဂုဏဝန္တော-ကား တို့ကို-ဟူ၍ အနက်ပေးသော ဒုတိယာ ဗဟုဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့်၊ ပသန္တိ-၌ အဝုတ္တကမ္မဝါစ္စ။

ပသန္တိ-ကား။ ဒိသဓာတ် ကတ္တုတ္တ အပစ္စည်း + နာမယောဂပထမပုရိသ် ဗဟုဝစနန္တပုဒ် အန္တိဝိဘတ် ဖြစ်သောကြောင့် ထိုဒုတိယာ ဗဟုဝစနန္တကံကို မဟောသော အာချာတ်-ကြိယာဝါစက။

(ခ) ဓမ္မာ-ကား ကို-ဟူ၍ အနက်ပေးသော ကမ္မသံသဋ္ဌလိင်အနက်၌ သက်သော ပဌမာဧကဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့်၊ သွာက္ခာတော-၌ ဝုတ္တကမ္မဝါစ္စ။

သွာက္ခာတော-ကား သု၊ အာ-ပုဗ္ဗ+ခါ-ဓာတ်+ကမ္မတ္ထ တ၊ ပစ္စယန္တပုဒ်ဖြစ်သောကြောင့်၊ ထိုပဌမာကံကို ဟောသော ကိတ်ကြိယာဝါစက။

(ဂ) ဇေတဝနံ-ကား၊ သို့ဟူ၍ အနက်ပေးသော ကံအနက်၌ သက်သော ဒုတိယာဧကဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့် ဂစ္ဆန္တိ-၌ အဝုတ္တကမ္မဝါစ္စ။

ဂစ္ဆန္တိကား ဂမု-ဓာတ်+ကတ္တုတ္ထ အ၊ ပစ္စည်း+နာမယောဂ ပဌမပုရိသ် ဗဟုဝစနန္တပုဒ် အန္တိဝိဘတ် ဖြစ်သောကြောင့် ထိုဒုတိယာဧကဝစနန္တ ကံကို မဟောသော အာချာတ် ကြိယာဝါစက။

---

## ကရဏကာရက

နိယံ- ဖြင့်-ကရဏ၊ အား, ငှာပြ၊ မှတ်ကြသမ္ပဒါန်။

ဖြင့်, တို့ဖြင့်-ဟူ၍ အနက်ပေးသော ကရိုဏ်းအနက်၌ တတိယာဝိဘတ် သက်၍ပြီးသော ပုဒ်သည် ကရဏကာရကမည်၏။

ပုံစံ ကား (က) စက္ခုနာ ရူပံ ပဿတိ။ (အဇ္ဈတ္တိကကရိုဏ်း)
(ခ) ဒတ္တေန ဝီဟိံ လုနာတိ။ (ဗာဟိရကရိုဏ်း)
စသည်တည်း။

စပ်ဟန်ကား (က) စက္ခုနာ-ကား ဖြင့်-ဟု အနက်ပေးသော ကရိုဏ်း အနက်၌သက်သော တတိယာဧကဝစနန္တ နာမ်ပုဒ်ဖြစ်သော ကြောင့် ပဿတိ-၌ ကရိုဏ်း ဝါစ္စ။

ပဿတိ-ကား ဒိသ-ဓာတ်+ ကတ္တုတ္ထအ-ပစ္စည်း+ နာမယောဂပဌမပုရိသ် တိဝိဘတ်ဖြစ်သောကြောင့် ထိုကရိုဏ်း၏ ကြိယာဝါစက။

(ခ) ဒတ္တေန-ကား ဖြင့်ဟုအနက်ပေးသော ကရိုဏ်း အနက်၌သက်သော တတိယာကေဝစနန္တ နာမ်ပုဒ်ဖြစ်သော ကြောင့် လုနာတိ-၌ ကရိုဏ်းဝါစ္စ။

လုနာတိ-ကား လူ-ဓာတ်+ကတ္တုနာ, ပစ္စည်း+နာမ ယောဂ ပထမပုရိသ် တိ ဘတ် ဖြစ်သောကြောင့် ထို ကရိုဏ်း၏ ကြိယာငါစက။

**မှတ်ချက်။** ။ကရဏကာရက၊ စသည်လေးပါး၊ သဘောများမှာ၊ ဓာတ်တွင်သာ၊ စင်ရာမြဲမှတ်ရှု။
ဟူသည်နှင့် အညီ-ဓာတ်တွင်သာ စပ်ရသောအရာ ဖြစ်၍ ဝုတ္တ, အဝုတ္တ ဆိုဘွယ်မရှိမှတ်။

---

## သမ္ပဒါနကာရက

(က) အား, တို့အား ဟူ၍အနက်ပေးသော အကြောင်းသမ္ပဒါန် အနက်၌ စတုတ္ထီဝိဘတ်သက်၍ ပြီးသောပုဒ်သည် အကြောင်း သမ္ပဒါနကာရကမည်၏။

(ခ) ငှါ, တို့ငှါ ဟူ၍ အနက်ပေးသော အကျိုးတဒတ္ထသမ္ပဒါန်, တုမတ္ထသမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်၍ ပြီးသောပုဒ် သည် အကျိုးတဒတ္ထသမ္ပဒါန် တုမတ္ထ သမ္ပဒါန်မည်၏။

**ပုံစံကား**— (က) ဘိက္ခုဿ စီဝရံ ဒေတိ။
(ခ) ဗုဒ္ဓဿ အတ္တာယ ဇီဝိတံ ပရိစ္စဇာမိ။
(ဂ) ဘိက္ခူနံ ဖာသုဝိဟာရာယ ဝိနယော ပညတ္တော။

စသည်တည်း

**စပ်ဟန်ကား**—(က) ဘိက္ခုဿ ကား အားဟု အနက်ပေးသော အကြောင်းသမ္ပဒါန် အနက်၌ သက်သော စတုတ္ထီ-ကေဝစနန္တ နာမ်ပုဒ် ဖြစ်သော ကြောင့်၊ ဒေတိ ၌ သမ္ပဒါနဝါစ္စ။

ဒေတိ-ကား ဒါ်တ်+ဏ တွတ္ထ+အ,ပစ္စည်း နာမယောဂ ပဌမပုဒ်ရှိသ် တိ ဝိဘတ် ဖြစ် သောကြောင့် ထိုသမ္ပဒါန်၏ ကြိယာဝါစက။

( ခ ) အတ္တာယ-ကား ငှါ-ဟု အနက်ပေးသော အကျိုး တဒတ္ထသမ္ပဒါန် အနက်၌သက်သော စတုတ္ထီကေဝစနန္တ နာမ်ပုဒ် ဖြစ်သော ကြောင့်၊ ပရိစ္စဇာမိ-၌ တဒတ္ထသမ္ပဒါနဝါစ္စ။ ပရိစ္စဇာမိ-ကားပရိပုဗ္ဗ+စဇဓာတ်+ဏတွတ္ထ အ-ပစ္စည်း + နာမယောဂ ဥတ္တမ ပုရိသ် မိ-ဝိဘတ်ဖြစ်သောကြောင့် ထိုတဒတ္ထ-သမ္ပ-ဒါန်၏ကြိယာ။

( ဂ ) ဖါသုဝိဟာရာယ-ကား ငှါ-ဟု အနက်ပေး သော အကျိုးတုမတ္ထသမ္ပဒါန် အနက်၌ သက်သော စတုတ္ထီကေဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့်၊ ပညတ္တော-၌ တုမတ္ထ-သမ္ပဒါနဝါစ္စ။ ပညတ္တော-ကား ပပုဗ္ဗ+ဉပ ဓာတ်+ကမ္မတ္ထ တ-ပစ္စည်းဖြစ်သောကြောင့် ထိုတုမတ္ထသမ္ပဒါန်၏ ကြိယာ။

---

အပါဒါနကာရက

နိယံ- မှ, အောက်, ထက်, ဟု၊ ဤသုံးခု၊ ယူပုအပါဒါန်။

(က) မှ, တို့မှဟူ၍ အနက်ပေးသော နိဿဋအပါဒါန်အနက်၌ ပဉ္စမီ ဝိဘတ် သက်၍ပြီးသော ပုဒ်သည် ဒါဝဓိအပါဒါန် မည်၏။

( ခ ) ထက်, တို့ထက် အောက်, တို့အောက် ဟူ၍ အနက်ပေးသော ဝိဘတ္တအပါဒါန်အနက်၌ ပဉ္စမီ, ဆဋ္ဌီ ဝိဘတ်သက်၍ ပြီးသော ပုဒ်သည် ဝိဘတ္တအပါဒါန်မည်၏။

**ပုံစံကား—**

(က) ဂါမာ အပေန္တိ မုနယော။

(ခ) တတော ဥန္နာဝိကာနိ န သိယုံ။

(ဂ) ယတော ပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ နတ္ထိ။

(ဃ) ဆန္ဒဝုတိနံ ပါသဏ္ဍာနံ ဓမ္မာနံ ပဌရံ ယဒိဒံ သုဂတဝိနယော စသည်တည်း။

**စပ်ဟန်ကား—**

(က) ဂါမာ-ကား မှ-ဟုအနက်ပေးသော အဝဓိ အနက်၌သက်သော ပဉ္စမီဧကဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့်၊ အပေန္တိ ၌ အပါဒါန-ဝါစ္စ။ အပေန္တိ-ကား အပ-ပုဗ္ဗ+ဣ ဓာတ်+ကတ္တုတ္တ အ, ပစ္စည်း+နာမယောဂ ပထမ ပုရိသ် အန္တိဝိဘတ် ဖြစ်သောကြောင့် ထို နိုသဂ္ဂအပါဒါန်၏ ကြိယာ။

(ခ) တတော ကား အောက်, ထက်-ဟု အနက် ပေးသော ဝိဘတ္တအပါဒါန်အနက်၌ သက် သော ပဉ္စမီဧကဝစနန္တ နာမ်ပုဒ်ဖြစ်သော ကြောင့် ဥန္နာဝိကာနိ ၌ ဝိဘတ္တအပါဒါန်။ ဥန္နာဝိကာနိ-ကား ဝိဘတ္တအပါဒိ။

(ဂ) ယတော-ကား ထက်, ဟု အနက်ပေးသော ဝိဘတ္တ အပါဒါန် အနက်၌ သက်သော ပဉ္စမီ ဧကဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့် ပဏီတတရေပုဒ် ဝိသိဋ္ဌတရေပုဒ် တို့၌ ဝိဘတ္တအပါဒါန်။ ပဏီတ တရော, ဝိသိဋ္ဌ တရော တို့ကား ဝိဘတ္တအပါဒိ။

(ဃ) ပါသဏ္ဍာန် ဓမ္မာနံ ကား- ထက်-ဟုအနက်ပေးသော ဝိဘတ္တအပါဒါန် အနက်၌ သက်သော ဆဋ္ဌီဗဟုဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့် ပဝရံ-၌ ဝိဘတ္တအပါဒါန်။ ပဝရံ-ကား ဝိဘတ္တအပါဒီ။

ပါသဏ္ဍာနံ-ပါသဏ္ဍာ မိစ္ဆာအယူတို့ထက်။
ပဝရံ ပဝရော၊ မြတ်၏(အနက်ပေး)

---

## ကာရဏ (အကာရက)

**နိယံ**– ကြောင့်ပေးတိုက၊ မှတ်နည်းပြ၊ မှတ်ကြကာရဏံ။

ကြောင့် တို့ကြောင့် ဟူ၍ အနက်ပေးသော ကာရဏအနက်၌ ပဉ္စမီဝိဘတ် သက်၍ပြီးသော ပုဒ်သည် ကာရဏမည်၏။

**ပုံစံကား**– အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ကည်း။

**စပ်ဟန်ကား**–အဝိဇ္ဇာပစ္စယာ ကား ကြောင့်-ဟု အနက်ပေးသော ကာရဏအနက်၌သက်သော အကျိုး၏တည်ရာ ပဉ္စမျန္တ နာမ်ပုဒ် ဖြစ်သောကြောင့် သမ္ဘဝန္တိ၌ အကြောင်း ကာရဏ ဟိတ်။

သမ္ဘဝန္တိ-ကား သံပုဗ္ဗ+ဘူဓာတ်ကတ္တုတ္တ အ-ပစ္စည်း+နာမယောဂ ပထမပုရိသ် အန္တိဝိဘတ်ဖြင့်ပြီးသော ထိုဟိတ်ဆိုက်ရာ ဖြစ်သောကြောင့်–အကျိုး+ကာရဏ-ဝန္တ+ဖိုလ်။

---

## ဩကာသကာရက

**နိယံ**–၌-ဟုပေးက၊ အာဓာရ ဩကာသ ဟုကြုံ။

၌, တို့၌- ဟူ၍ အနက်ပေးသော ဩကာသအနက်၌ သတ္တမီဝိဘတ်သက်၍ ပြီးသောပုဒ်သည် ဩကာသ ကာရကမည်၏။ (အာဓာရ, အဓိကရဏ ဟူ၍လည်း ခေါ်သည်)

ပုံစံကား-(က) ဝေံ ဂါမေ မုနိ စရေ။ (သတ္တမျာခာရ)

(ခ) ကော် သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။ (ဒုတိယာခာရ) စသည်တည်း။

စပ်ဟန်ကား- (က) ဂါမေ-ကား ၌ ဟုအနက်ပေးသောသြကာသ အနက်၌ သက်သော သတ္တမီ ကောဝစနန္တ နာမ်ပုဒ်ဖြစ်သောကြောင့် စရေ-၌ အာခာရ။ စရေ-ကား စရ-ဓာတ်+ကတ္တုတ္တ အ-ပစ္စည်း+ နာမယောဂ ပထမပုရိသ် သတ္တမီယျေ ဝိဘတ် ဖြစ်သောကြောင့် ထိုအာခာရ၏ကြိယာ။

(ခ) ကော် သမယံ-ကား ၌-ဟု အနက်ပေးသော သတ္တမီဝိဘတ်အနက်၌သက်သော ဒုတိယာ ကောဝစနန္တ နာမ်ပုဒ် ဖြစ်သောကြောင့် ဝိဟရတိ-၌ ဒုတိယာခာရ။

ဝိဟရတိ-ကား ဝိပုဗ္ဗ+ဟရဓာတ်+ကတ္တုတ္တ အ-ပစ္စည်း + နာမယောဂ ပထမပုရိသ် တိ ဝိဘတ်ဖြစ်သောကြောင့် ထိုဒုတိယာခာရ၏ ကြိယာ။

မှတ်ချက်။ "သြကာသ+ ထိုသြကာသ၏ကြိယာ" ဟူ၍လည်းစပ်နိုင် သည်။

ကာရကခြောက်ပါးပြီး၏။

# အခန်း(၂)

## အ-ကာရက

### တုလျာဓိကရဏဝိသေသန

နိဿယ–ထသော, သောဟူ၊ ဝိသိသ်ယူ၊ တွင်မူ နိဒ္ဒါရဏ။
ထသော, သော-ဟူ၍ အနက်ပေးသော တူသောအနက်ရှိသော အထူးပြုတတ်သော ဂုဏ်ပုဒ်သည် တုလျာဓိကရဏဝိသေသန မည်၏။

ပုံစံကား– (က) နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။
(ခ) နမော တေ ဗုဒ္ဓ ဝီရတ္ထု-စသည်တည်း။

စပ်ဟန်ကား– (က) အရဟတော, သမ္မာသမ္ဗုဒ္ဓဿ တို့ကား ထသော ဟု အနက်ပေးသော စတုတ္ထီကေဝစနန္တ ဖြစ်သော အထူးပြုတတ်သော ဂုဏ်ပုဒ် ဖြစ်သောကြောင့် တဿ ဘဂဝတော ၌ တုလျာဓိကရဏဝိသေသန။

တဿ ဘဂဝတော- ကား ထို စတုတ္ထီ ကေ-ဝစနန္တ ဂုဏ်ပုဒ်သည် အထူးပြုအပ်သော ဂုဏီပုဒ် ဖြစ်သောကြောင့် တုလျာဓိကရဏဝိသေသျ။

(ခ) ဝီရ-ကား သော–ဟု အနက်ပေးသော ပထမာ-ကေဝစနန္တ ဖြစ်သော အထူးပြုတတ်သော ဂုဏ်ပုဒ် ဖြစ်သောကြောင့် ဗုဒ္ဓ-၌ တုလျာဓိကရဏဝိသေ-သန။

ဗုဒ္ဓကား–ထိုပထမာကေဝစနန္တ ဂုဏ်ပုဒ်သည် အထူး ပြုအပ်သော ဂုဏီပုဒ် ဖြစ်သောကြောင့် တုလျာဓိကရဏဝိသေသျ။

## နိဒ္ဒါရဏ

တွင်, တို့တွင်-ဟူ၍ အနက်ပေးသော အပေါင်းမှ အစိတ်ကို ထုတ်ယူရာဖြစ်သော နိဒ္ဒါရဏအနက်၌ ဆဋ္ဌီ, သတ္တမီ ဝိဘတ် သက်၍ ပြီးသောပုဒ်သည် နိဒ္ဒါရဏမည်၏။ ထိုနိဒ္ဒါရဏဟူသမျှ သည် များသောအားဖြင့် ဗဟုဝုစ်သာတည်း။

**ပုံစံကား** (က) ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ။

(ခ) ကဏှာ ဂါဝီသု သမ္ပန္နခီရတမာ။ စသည်တည်း။

**စပ်ဟန်ကား** (က) ဂါဝီနံ-ကား တို့တွင်-ဟု အနက်ပေးသော နိဒ္ဒါရဏ အနက်၌သက်သော အသီးထုတ်ရာအပေါင်း ဆဋ္ဌျန္တ ပုဒ်ဖြစ်သောကြောင့် ကဏှာ-၌ နိဒ္ဒါရဏ။

ကဏှာကား- အသီးထုတ်အပ်သော ပထမန္တပုဒ် ဖြစ်သောကြောင့် နိဒ္ဒါရဏီယ။

(ခ) ဂါဝီသု-ကား တို့တွင်-ဟု အနက်ပေးသော နိဒ္ဒါရဏ အနက်၌သက်သော အသီးထုတ်ရာအပေါင်း သတ္တ-မျန္တ ပုဒ်ဖြစ်သောကြောင့် ကဏှာ-၌ နိဒ္ဒါရဏ။

ကဏှာ-ကား- အသီးထုတ်အပ်သော ပထမန္တပုဒ် ဖြစ်သောကြောင့် နိဒ္ဒါရဏီယ။

**မှတ်ချက်။** ။သမ္ပန်ဟူသည် မပြင်စကောင်း၊ သမ္ပန္န ပြည့်နှစ်ပါး၏ အမူအရာကို ဆ၍သာ သိအပ်သိနိုင်၏။ သမ္ပန္န ပြည့်နှစ်ပါး၌ မှီ၏။ သို့ဖြစ်ပါလျက် ရှေးသမ္ပန္နပုဒ်ကိုသာ "သမ္ပန်" ခေါ်ဘိသကဲ့သို့-နိဒ္ဒါရဏဝိစီ ဆဋ္ဌီ, သတ္တမီသက်ရာ ထိုင်ရာပုဒ်ဖြစ်၍ နိဒ္ဒါရဏ-သမုဒါယပုဒ်ကိုပင် ရှေးဆရာတို့သည် စာစပ်ရာ၌ "နိဒ္ဒါရဏ+နိဒ္ဒါရဏီယ" ဟုသာ ဆိုရိုးပြုတော်မူကြသည်။

လက္ခဏ

နိယံ- သော်,လတ်သော်မှာ၊ လက္ခဏာ၊ နောက် ကြိယာ လက္ခဏ္တ။

(က) သော်,လတ်သော်- ဟူ၍ အနက်ပေးသော ဘာဝလက္ခဏ အနက်၌ သတ္တမီဝိဘတ်သက်၍ပြီးသော ကြိယာတပါးကို မှတ်ကြောင်းဖြစ်သော ပုဒ်သည် လက္ခဏမည်၏။

(ဝါ) ဘာဝလက္ခဏမည်၏။

(ခ) ယင်းသတ္တမျန္တ လက္ခဏပုဒ်၏ ဆိုက်ရာစပ်ရာဖြစ်သော နောက်ကြိယာပုဒ်သည် မှတ်အပ်သော အနက်ရှိသောကြောင့် လက္ခကြိယာမည်၏။

(ဂ) လက္ခဏကြိယာပုဒ်၌ ဆိုက်ရစပ်ရသော ကံပုဒ်,ကတ္တားပုဒ်သည် လက္ခဏကြိယာရှိသောကြောင့် လက္ခဏဝန္တမည်၏။

(ဃ) လက္ခကြိယာပုဒ်၌ ဆိုက်ရစပ်ရသော ကံပုဒ်,ကတ္တားပုဒ်သည် လက္ခကြိယာရှိသောကြောင့် လက္ခဝန္တမည်၏။

ပုံစံကား (က) ဘိက္ခုသံဃေသု ဘောဇိယမာနေသု ဂစ္ဆတော ပုရိသော။

(ခ) သမ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။ စသည်တည်း။

စပ်ဟန်ကား (က) ဘိက္ခုသံဃေသု-ကား—တို့ကို-ဟူ၍ အနက်ပေးသော ကမ္မတ္ထ-သတ္တမျန္တ ပုဒ်ဖြစ်သောကြောင့် ဘောဇိယ-မာနေသု-၌ ဘုဇဓာတ်+ ကမ္မတ္ထ ယ-ပစ္စည်း+မာန ပစ္စည်းဖြင့်ပြီးသော ကိတ်ကြိယာ ဝါစကသည် ဟော အပ်သော လက္ခဏဝန္တ+ဝုတ္တကံ။

ဘောဇိယမာနေသု-ကား ထိုကံ၏ ဝိဘတ်တူဖြစ်၍ မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏ။

ဘောဇိယမာနေသု-ကား ကုန်သော်-ဟု အနက်ပေးသော မှတ်ကြောင်း သတ္တမျန္တ ပုဒ်ဖြစ်သောကြောင့်၊ ဂစ္ဆတော-၌ လက္ခဏ။

ဂစ္ဆတော-ကား ထိုလက္ခဏ၏ယှဉ်စပ်ရာ မှတ်အပ်သော အနက်ရှိသော ပုဒ်ဖြစ်သောကြောင့် လက္ချကြိယာ။ ပုရိသော-ကား သည်-ဟု အနက်ပေးသော ပထမန္တ နာမ်ပုဒ်ဖြစ်သောကြောင့်၊ ဂစ္ဆတော-၌ ဂမု-ဓာတ်+ကတ္တုတ္ထ တ-ပစ္စည်းဖြင့်ပြီးသော ကိတ်ကြိယာ သည်ဟောအပ်သော လက္ချဝန္တဝုတ္တကတ္တား ဂစ္ဆတော-ကား ထိုကတ္တားကိုဟောသော လက္ချကြိယာ။

(ခ) လောကနာယကေ-ကား သည်-ဟု အနက်ပေးသော ကတ္တုတ္ထသတ္တမျန္တ ပုဒ်ဖြစ်သောကြောင့် ဂစ္ဆန္တေ-၌ ဂမုဓာတ်+ကတ္တုတ္ထ အန္တ- ပစ္စည်းဖြင့်ပြီးသော ကိတ်ကြိယာဝါစကသည် ဟောအပ်သော လက္ခဏဝန္တ+ဝုတ္တကတ္တား။

ဂစ္ဆန္တေ- ကား ထိုကတ္တား၏ ဝိဘတ်တူ ဖြစ်၍ မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏ။

ဂစ္ဆန္တေ- ကား သော်-ဟု အနက်ပေးသော မှတ်ကြောင်းသတ္တမျန္တ ပုဒ်ဖြစ်သောကြောင့် ဝိဝဇ္ဇန္တိ-၌ လက္ခဏ။

ဝိဝဇ္ဇန္တိ-ကား ထိုလက္ခဏ၏ ယှဉ်စပ်ရာ မှတ်အပ်သော အနက်ရှိသော ပုဒ်ဖြစ်သောကြောင့် လက္ချကြိယာ။ သဗ္ဗေ- ကား တို့သည် ဟု အနက်ပေးသော ပထမန္တ နာမ်ပုဒ်ဖြစ်သောကြောင့်၊ ဝိဝဇ္ဇန္တိ-၌ဝိပုဗ္ဗ+ဝဇ္ဇဓာတ်+ ကတ္တုတ္ထ အ-ပစ္စည်း + အန္တိ-ဝိဘတ်ဖြင့်

ပြီးသော အာချာတ် ကြိယာသည် ဟောအပ်သော လက္ခဏဝန္တဝုတ္တ-ကတ္တား။

ဝိဝဇ္ဇန္တိ-ကား ထိုကတ္တားကိုဟောသော လက္ခဏကြိယာ။

---

### အာလပ်ပုဒ်

နိယံ- အို့ ဟယ့် အချင်း့၊ အမင်း့ အမောင်၊ အနက်ဆောင် နားထောင် အာလပန။

အာလုပ်အနက်မှတ်၊ ကြိယာမှာစပ်၊ ဖြစ်လတ်ကြိယာ ဝိသိသ်။

အို့ ဟယ့် အချင်း့အမင်း့ အမောင်ဟု အနက်ပေးသော အာလုပ်အနက်ပိုလွှန်သော လိင်အနက်ကို ထွန်းပြကာမျှတည်း၌ ပထမာဝိဘတ်သက်၍ ပြီးသောပုဒ်သည် အာလုပ်မည်၏။

ယင်းအာလပန-အာလုပ်ပုဒ်များကို ကြိယာပုဒ်၌သာ စပ်ရမည်။ စပ်သောအခါ ကြိယာဝိသေသန အဖြစ်ဖြင့် စပ်ရမည်။

ပုံစံကား-(က) နာဟံ မဟာရာဇ စောရော။

(ခ) ဂစ္ဆ ခေါ် တွံ လာပ။

(ဂ) ဘော သေလ တိဋ္ဌ။ ။စသည်တည်း။

စပ်ဟန်ကား- (က) မဟာရာဇ-ကား "အို" ဟု အနက်ပေးသော ရှေးရှုခေါ်ဝေါ် ငြင်း ကြိယာဖြစ်သောကြောင့် န အမို့၌ အာလပန ဗဟိဒ္ဓကြိယာဝိသေသန။

န အမို-၌ အမို-ကား အသခာတ်+ကတွတ္တအ ပစ္စည်း+အမှုဟောဂဋ္ဌတမပုရိသ် မိ-ဝိဘတ် ဗဟိဒ္ဓ ဖြစ်သောကြောင့်၊ ထိုအာလုပ်ကို မဟောသော ကြိယာဝိသေသ။

(ခ) လာပ-ကား "ဟယ်" (ဗိလုံးငှက်) ဟု အနက်ပေးသော ရှေးရှုခေါ်ဝေါ်ခြင်း ကြိယာဖြစ်သောကြောင့် ဂစ္ဆ-၌ အာလပန ဗဟိဒ္ဓကြိယာဝိသေသန၊ ဂစ္ဆ-ကား ဂမုဓာတ်+ ကတ္တုအ, ပစ္စည်း+ တုမ္-ယောဂ မဇ္ဈိမပုရိသ် ပဉ္စမီဟိဝိဘတ် ဗဟိဒ္ဓဖြစ်သောကြောင့်ထိုအာလုပ်ကို မဟောသောကြိယာဝိသေသျ။

(ဂ) ဘောသေလ-ကား "အချင်း"ဟု အနက်ပေးသော ရှေးရှုခေါ်ဝေါ်ခြင်း ကြိယာဖြစ်သောကြောင့် တိဋ္ဌ-၌ အာလပန ဗဟိဒ္ဓကြိယာဝိသေသန။

တိဋ္ဌ-ကား ဌာ-ဓာတ်+ကတ္တုအ, ပစ္စည်း+တုမ္-ယောဂ မဇ္ဈိမပုရိသ် ပဉ္စမီ-ဟိ ဝိဘတ် ဗဟိဒ္ဓဖြစ်သောကြောင့်၊ ထိုအာလုပ်ကို မဟောသော ကြိယာဝိသေ-သျ။

မှတ်ချက်။ ။အာလုပ်ကို တပါးပုဒ်တို့နှင့် မစပ်အပ်(က)ဘောပုရိသ-ကား သဇီဝအာလုပ်။ (ခ)ဘောသေလ-ကား နိဇ္ဇီဝအာလုပ်-ဟူ၍သာ စပ်အပ်၏ဟု ဆရာတို့ မိန့်ကုန်၏။

---

## ကြိယာဝိသေသန (၁)

နိယံ- လျော့က်,လျက်,စွာ,ပေး၊ သဖြင့် ပေး၊စပ်ရေးကြိယာဝိသိသ်။

လျော့က်, လျက်, စွာ, သဖြင့်-ဟူ၍ အနက်ပေးသော ပထမာ, ဒုတိယာ, တတိယာဝိဘတ်သက်၍ပြီးသော-အထူးပြုတတ်သော ဂုဏ်ပုဒ်သည် ကြိယာဝိသေသနမည်၏။ ယင်းကြိယာဝိသေသနပုဒ်ကို ကြိယာပုဒ်၌ ကြိယာဝိသေသန အဖြစ်ဖြင့် စပ်ရမည်။

ပုံစံကား-(က) အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ။

(ခ) နဘိက္ခဝေ ဇာနံ ဦနဝိသတိဝသော ဥပသမ္ပာဒေ-
တဗ္ဗော။

(ဂ) သုခံ သယတိ၊ မုခံ ပစတိ။

(ဃ) ခါဝတိ သမေန ဝိသမေန စ....အစရှိသည်တည်း။

စပ်ဟန်ကား- (က) ယထာဗာလံ, ယထာ မူဠှံ, ယထာ အကုသလံ-
တို့ကား "လျောက်"ဟု အနက်ပေးသော အထူးပြု
သော ဒုတိယာကောဝစနန္တ ဂုဏ်ပုဒ်ဖြစ်သောကြောင့်၊
အစ္စဂမာ-၌ ကြိယာဝိသေသနံ။

အစ္စဂမာ-ကား အတိ+အာ- ပုဗ္ဗ+ဂမုဓာတ်+
အတိတ်ကာလ, အာ-ဝိဘတ်ဖြင့်ပြီးသော အထူးပြု
သော ကြိယာဝိသေသျ။

(ခ) ဇာနံ-ကား လျက်-ဟု အနက်ပေးသော
အထူးပြုတတ်သော ပထမာကောဝစနန္တ-ဂုဏ်ပုဒ်ဖြစ်
သောကြောင့်၊ ဥပသမ္ပာဒေတဗ္ဗော-၌ ကြိယာဝိသေ-
သနံ။

ဥပသမ္ပာဒေတဗ္ဗော- ကား ဥပ, သံပုဗ္ဗ+ပဒ-
ဓာတ်+ ကာရိတကော+တဗ္ဗ- ပစ္စည်းဖြင့်ပြီးသော
အထူးပြုသော ကြိယာဝိသေသျ။

(ဂ) သုခံ-ကား စွာ-ဟု အနက်ပေးသော အထူး
ပြုတတ်သော ဒုတိယာကောဝစနန္တ ဂုဏ်ပုဒ်ဖြစ်သော
ကြောင့်၊ သယတိ-၌ ကြိယာဝိသေသနံ။

သယတိ-ကား သိ-ဓာတ်+ကတ္တုတ္တ အ-ပစ္စည်း
+တိဝိဘတ်ဖြင့်ပြီးသော အထူးပြုအပ်သော ကြိယာ
ဝိသေသျ။

မုဒိ-ကား စွာ-ဟု အနက်ပေးသော အထူးပြု တတ်သော ဒုတိယာဧကဝစနန္တ-ဂုဏ်ပုဒ်ဖြစ်သော ကြောင့်၊ ပစတိ-၌ ကြိယာဝိသေသန။

ပစတိ-ကား ပစ-ဓာတ်+ကတ္တု အ,ပစ္စည်း +တိ-ဝိဘတ်ဖြင့်ပြီးသော အထူးပြုအပ်သောကြိယာ ဝိသေသျ။

(ဃ) သမေန, ဝိသမေန-တို့ကား "သဖြင့်"ဟု အနက်ပေးသော အထူးပြုတတ်သော တတိယာဧက-ဝစနန္တ ဂုဏ်ပုဒ်ဖြစ်သောကြောင့်၊ဓာဝတိ-၌ ကြိယာ ဝိသေသန။

ဓာဝတိ-ကား၊ ဓာဝ,ဓာတ်+ကတ္တု အ,ပစ္စည်း +တိ-ဝိဘတ်ဖြင့်ပြီးသော အထူးပြုအပ်သော ကြိယာ ဝိသေသျ။

---

## ကာရကဝိသေသန

**နိယံ-** အားဖြင့် ပေးလတ်၊ ကာရကမှာစပ်၊မှတ်လေကာရကဝိသိယ်။

အားဖြင့်ဟု အနက်ပေးသော ဝိသေသနအနက်၌တတိယာ ဝိဘတ်သက်၍ ပြီးသော အထူးပြုတတ်သော ဂုဏ်ပုဒ်သည် ကာရကဝိသေသန မည်၏၊ ယင်းကို ကာရကပုဒ်၌သာ စပ်ရ မည်၊ ယင်းသို့ ကာရကပုဒ်၌ စပ်သောအခိုက် ကာရက ဝိသေသန မည်၏မှတ်။

**ပုံစံကား-** ဂေါတ္တေန ဂေါတမော နာထော စသည်တည်း။

**စပ်ဟန်ကား-** ဂေါတ္တေန-ကား အားဖြင့်-ဟုအနက်ပေးသော အထူးပြု တတ်သော တတိယန္တဂုဏ်ပုဒ် ဖြစ်သောကြောင့်၊ ဂေါတ-မော-၌ ကာရကဝိသေသန။

ဂေါဘမော-ကား ထိုတတိယန္တဂုဏ်ပုဒ်သည် အထူးပြု အပ်သော ပထမန္တဂုဏ်ဆောင်ပုဒ် ဖြစ်သောကြောင့် ကာရက ဝိသေသျ။

---

အ-ကာရကဝိသေသန

**နိယံ–** အားဖြင့် ပေးလတ်၊ အ-ကာရကမှာစပ်၊ မှတ်လေ အကာရက ဝိသိသ်။

အားဖြင့်-ဟု အနက်ပေးသော အထူးပြုတတ်သော ဂုဏ်ပုဒ်သည် အ-ကာရကဝိသေသနမည်၏။ ယင်းကို အ-ကာရကပုဒ်၌ စပ်ရမည်။ ယင်းသို့ အ-ကာရက ပုဒ်၌ စပ်သောအခိုက် အ-ကာရကဝိသေသန မည်၏မှတ်။

**ပုံစံကား–** အနုရူပတော အတ္တသာ အဝိပရိတာယ စ-စသည်တည်း။

**စပ်ဟန်ကား–** အနုရူပတော-ကား အားဖြင့်-ဟု အနက်ပေးသော အထူးပြုတတ်သော တတိယာ အနက်၌ သက်သော တောပစ္စယန္တ ဂုဏ်ပုဒ်ဖြစ်သောကြောင့် ဒေသိယမာနသာ ဟူသော ပါဌ်သေသ၌ အ-ကာရကဝိသေသန။

ဒေသိယမာနသာ-ကား ထိုတတိယတ္တ- တောပစ္စယန္တ ပုဒ်သည် အထူးပြုအပ်သော ဂုဏ်ဆောင်ပုဒ်ဖြစ်သောကြောင့် အ-ကာရကဝိသေသျ။

---

ကြိယာဝိသေသန

**နိယံ–** အားဖြင့် ပေးလတ်၊ ကြိယာမှာစပ်၊မှတ်လေ ကြိယာဝိသိသ်။

အားဖြင့်-ဟု အနက်ပေးသော အထူးပြုတတ်သော ဂုဏ်ပုဒ်သည် ကြိယာပုဒ်၌ စပ်ခိုက် ကြိယာဝိသေသနမည်၏။

**ပုံစံကား-** ယေဘုယျေန ဥပသင်္ကမိံ-စသည်တည်း။

**စပ်ဟန်ကား–** ယေဘုယျေန-ကား အားဖြင့်-ဟု အနက်ပေးသော အထူးပြုတတ်သော တတိယန္တဂုဏ်ပုဒ် ဖြစ်သောကြောင့် ဥပသင်္ကမိံ-၌ ကြိယာဝိသေသန။

ဥပသင်္ကမို-ကား ဥပ, သံ ရှေးရှိသော+ကမု-ခြတ်+ကတ္တုအ-ပစ္စည်း+နာမယောဂ ပထမပုရိသ် အဇ္ဇတနီ-ဥံ ဝိဘတ်ဖြင့်ပြီးသော အထူးပြုအပ်သော ကြိယာပုဒ်ဖြစ်သောကြောင့် ကြိယာဝိသေသျ။

---

အဘိန္န ဝိသေသန

**နိယံ—** အားဖြင့်ပေးရာ၊ ကြိယာဝိသေ၊ တထွေဝိသေသ်၊ ရတုံလစ်စပ်ဖြင့် အဘိန္နဝိသေသ်။

**တနည်းကား။** ။အားဖြင့်-ဟု အနက်ပေးသော ပုဒ်များသည် (က) ကြိယာဝိသေသနလည်း မည်နိုင်၏၊ (ခ) ကာရကဝိသေသနလည်း မည်နိုင်၏၊ (ဂ) အကာရကဝိသေသနလည်း မည်နိုင်၏။ ယင်းတို့ကို စာစပ်သောအခါ ဆိုက်ရာ စပ်ရာပုဒ်၌ အဘိန္နဝိသေသန အဖြစ်ဖြင့် စပ်ရမည်မှတ်၊

**စံပုံကား—** (က) အာမိသာနုဂ္ဂဟေန အနုဂ္ဂဟေသိ။

(ခ) စတုခ ပရမတ္ထတော။

(ဂ) အ မနာပဘာဝေန ရုဒတော ဒါရကဿ ပဗ္ဗဇိ-ပိတာ–စသည်တည်း။

**စပ်ဟန်ကား—** (က) အာမိသာနုဂ္ဂဟေန-ကား – အားဖြင့်– ဟု အနက်ပေးသော အထူးပြုတတ်သော တတိယန္တ ဂုဏ်ပုဒ်ဖြစ်သောကြောင့်၊ အနုဂ္ဂဟေသိ– ၌ အဘိန္နကြိယာဝိသေသန။

အနုဂ္ဂဟေသိ-ကား အနု – ပုဗ္ဗ+ဂဟခြက်+ကတ္တု အ–ပစ္စည်း+နာမယောဂ ပထမ ပုရိသ် အဇ္ဇတနီ – ဤ–ဝိဘတ်ဖြင့် ပြီးသော အထူးပြုအပ်သော ကြိယာပုဒ်ဖြစ်သောကြောင့် –အဘိန္န–ကြိယာဝိသေသျ။

(ခ) ပရမတ္ထတော-ကား အားဖြင့်-ဟု အနက်ပေးသော အထူးပြုတတ်သော တတိယတ္ထ-တော ပစ္စယန္တဂုဏ်ပုဒ် ဖြစ်သောကြောင့်၊ စတုဓာ-၌ အဘိန္န-ကာရကဝိသေသန။

စတုဓာ-ကား - ထိုတော ပစ္စယန္တပုဒ်သည် အထူးပြုအပ်သော ကတ္တုကာရက ဂုဏောပုဒ် ဖြစ်သောကြောင့်၊ အဘိန္န-ကာရက-ဝိသေသျ။

(ဂ) အ မနာပဘာဝေန-ကား အားဖြင့်-ဟုအနက်ပေးသော အထူးပြုတတ်သော တတိယန္တဂုဏ်ပုဒ် ဖြစ်သောကြောင့်၊ ရုဒံတော-၌ အဘိန္န+အာရကာက ဝိသေသန။

ရုဒတော-ကား ထိုတတိယန္တပုဒ်သည် အထူးပြုအပ်သော အကာရက(အနာဒရ)ပုဒ်ဖြစ်သောကြောင့်၊ အဘိန္န+အကာရကဝိသေသျ။

---

အစ္စန္တသံယောဂ

နိယံ- ပတ်လုံးတိုင်တိုင်၊ တိုင်အောင်, တိုင်လောက်၊ အနက်ကောက်၊ မှတ်လောက် အစ္စန္တ။

ပတ်လုံး, တိုင်တိုင်, တိုင်အောင်, တိုင်လောက်-ဟူ၍ အနက်ပေးသော အစ္စန္တသံယောဂ အနက်၌ ဒုတိယာဝိဘတ် သက်၍ ပြီးသောပုဒ်သည် အစ္စန္တသံယောဂမည်၏။

ပုံစံကား- (က) မာသံ သဇ္ဈာယတိ။

(ခ) ယောဇနံ ဒီဃော ပဗ္ဗတော-စသည်တည်း။

စပ်ဟန်ကား- (က) မာသံ-ကား ပတ်လုံးဟု အနက်ပေးသော ဒုတိယန္တပုဒ်ဖြစ်သောကြောင့် သဇ္ဈာယတိ-၌ ကာလအစ္စန္တသံယောဂ၊ သဇ္ဈာယတိ - ကား သံ,အဓိ,အာ-ပုဗ္ဗ+ဇ္ဈာဓာတ်+အ-ပစ္စည်း+တိ-

ဝိဘတ်ဖြင့်ပြီးသော ထိုအစ္စန္တသံယောဂ၏ယှဉ်စပ်ရာ ပုဒ်ဖြစ်သောကြောင့်၊ ကာလအစ္စန္တသံယောဂဝန္တ။

(ခ) ယောဇနံ-ကား တိုင်တိုင်-ဟု အနက်ပေးသော ဒုတိယန္တပုဒ် ဖြစ်သောကြောင့် ဒီဃော-၌ အဒ္ဓါ-အစ္စန္တသံယောဂ။ ။

ဒီဃော-ကား ထိုအစ္စန္တသံယောဂ၏ ယှဉ်စပ်ရာ ကာရကပုဒ်ဖြစ်သောကြောင့် အဒ္ဓါအစ္စန္တသံယောဂ-ဝန္တ။

---

သဟတ္ထ

နိယံ- သဒ္ဒံ သဟ-စသည် မယှဉ်၊ နှင့်ပေးလျှင်၊ မှတ်ချင်သဟတ္ထ။

သဒ္ဒံ, သဟ-စသောသဒ္ဒါများ တိုက်ရိုက်စပ်ရာ မပါရှိပဲ "နှင့်တကွ"ဟူ၍ အနက်ပေးသောသဟတ္ထအနက်၌ တတိယာ ဝိဘတ်သက်၍ ပြီးသောပုဒ်သည် သဟတ္ထမည်၏။

ပုံစံကား- ဒေဝဒတ္တော ကောကာလိကေန ပါဝိသိ-စသည်တည်း။

စပ်ဟန်ကား- ကောကာလိကေန- ကား နှင့်တကွဟု အနက်ပေးသော တတိယန္တနာမ်ပုဒ် ဖြစ်သောကြောင့် ပါဝိသိ၌ သဟတ္ထ။

ပါဝိသိကား ပပုဗ္ဗ+ဝိသဓာတ်+ဣတ္ထ အ, ပစ္စည်း အဇ္ဇတနီ ဤဝိဘတ်ဖြင့်ပြီးသော ထိုသဟတ္ထ၏ယှဉ်စပ်ရာ ပုဒ်ဖြစ်သောကြောင့်၊ သဟတ္ထဝန္တ။

---

သဟယောဂ

နိယံ- သဟ ယှဉ်ကာ၊ နှင့်ပေးရာ၊ မှတ်ပါ သဟယောဂ။

သဟ-သဒ္ဒါ တိုက်ရိုက်ပါ၍ နှင့်-ဟု အနက်ပေးသော သဟယောဂအနက်၌ တတိယာဝိဘတ်သက်၍ ပြီးသောပုဒ်သည် သဟယောဂပုဒ်မည်၏။

ပုံစံကား– သဟာပိ ဂစ္ဆေန သံဃော ဥပေါသထံ ကရေယျ–စသည် တည်း။

စပ်ဟန်ကား– ဂစ္ဆေန-ကား နှင့်–ဟု အနက်ပေးသော တတိယန္တနာမ်ပုဒ်ဖြစ်သောကြောင့်၊ သဟ၌ သဟယောဂ။ သဟ-ကား ထိုတတိယန္တပုဒ်၏ ယှဉ်စပ်ရာပုဒ် ဖြစ်သောကြောင့်၊ သဟယောဂဝန္တ။

---

## သဟာဒိယောဂ

နိယံ– သဒ္ဓိံ, နာနာ, သမံပါကြား၊ နှင့်–ဟုကြား၊ မှတ်သား သဟာဒိယောဂ။

သဒ္ဓိံ,နာနာ,သမံ,ဝိနာ စသောသဒ္ဒါများ တိုက်ရိုက်ပါရှိပြီး "နှင့်"ဟု အနက်ပေးသော သဟာဒိယောဂ အနက်၌ တတိယာဝိဘတ်သက်၍ ပြီးသောပုဒ်သည် သဟာဒိယောဂမည်၏။

ပုံစံကား– ဝိနာပိ ဂစ္ဆေန သံဃော ဥပေါသထံ ကရေယျ–စသည်တည်း။

စပ်ဟန်ကား–ဂစ္ဆေန–ကား နှင့်–ဟု အနက်ပေးသော တတိယန္တနာမ်ပုဒ် ဖြစ်သောကြောင့်၊ ဝိနာပိ–၌ သဟာဒိယောဂ။

ဝိနာပိ–ကား ထိုတတိယန္တပုဒ်၏ယှဉ်စပ်ရာ ပုဒ်ဖြစ်သောကြောင့်၊ သဟာဒိယောဂဝန္တ။

---

## သမွန်

နိယံ– ၏–ပေးကမူ၊ သမ္ဗန်ဟူ၊ ကြောင့်–မူ ဟေတွတ္ထ။ ၏, တို့၏–ဟူ၍ အနက်ပေးသော သာမိအနက်၌ ဆဋ္ဌီဝိဘတ်သက်၍ ပြီးသောပုဒ်သည် သမ္ဗန်မည်၏။

**ပုံစံကား—** အယံ တေ ပတ္တော—စသည်တည်း။

**စပ်ဟန်ကား—တေ—ကား** ၏—ဟု အနက်ပေးသော အထူးပြုဟုတ်သော ဝိသေသနပုဒ်ဖြစ်သောကြောင့်၊ ပတ္တော—၌ သမ္ဗန်။ ။ပတ္တော—ကား ထိုသမ္ဗန်၏ စပ်ယှဉ်ရာ ဝိသေ·သျပုဒ် ဖြစ်သောကြောင့် သမ္ဗန္ဓီ။

---

ဟေတွတ္ထ

ကြောင့်, တို့ကြောင့်—ဟူ၍ အနက်ပေးသော ဟိတ်အနက်၌ တတိယာဝိဘတ်သက်၍ပြီးသော အကျိုး၏တည်ရာ ဖြစ်သောပုဒ်သည် ဟေတွတ္ထမည်၏။

**ပုံစံကား—** အန္နေန ဝသတိ—စသည်တည်း။

**စပ်ဟန်ကား—**အန္နေန—ကား ကြောင့်—ဟု အနက်ပေးသော အကျိုး၏တည်ရာ တတိယန္တနာမ်ပုဒ် ဖြစ်သောကြောင့်၊ ဝသတိ—၌ ဟိတ်။

ဝသတိ—ကား—ဝသဓာတ်—ကတ္တုတ္ထ အ—ပစ္စည်း—နာမယောဂ ပထမပုရိသ် တိ—ဝိဘတ်ဖြင့်ပြီးသော ထိုဟိတ်ဆိုက်ရာ အကျိုးကြိယာဖြစ်သောကြောင့် ဖိုလ်။

---

နိမိတ်

**နိယံ—** သတ္တမီဝိဘတ်၊ ကြောင့်—ပေးလတ်၊ စွဲမှတ် နိမိတ္တ။

ကြောင့်, တို့ကြောင့်—ဟူ၍ အနက်ပေးသော နိမိတ်အနက်၌ သတ္တမီဝိဘတ်သက်၍ပြီးသော အကျိုး၏တည်ရာ ဖြစ်သောပုဒ်သည် နိမိတ်မည်၏။

**ပုံစံကား—** ကုဉ္စရော ဒန္တေသု ဟညတေ—စသည်တည်း။

**စပ်ဟန်ကား—**ဒန္တေသု—ကား တို့ကြောင့်—ဟု အနက်ပေးသော အကျိုး၏တည်ရာ သတ္တမျန္တနာမ်ပုဒ် ဖြစ်သောကြောင့် ဟညတေ—၌ နိမိတ်။

ဟညတေ–ကား ဟန–ဓာတ်–ကမ္မတ္ထ ယ–ပစ္စည်း–တေ–ဝိဘတ်ဖြင့်ပြီးသော ထိုနိမိတ်၏တည်ရာ အကျိုး ကြိယာဖြစ်သောကြောင့် နိမိတ္တဝန္တ။

---

ကြိယာဝိသေသန, ရံခါဟိတ်

နိယံ– ၍, ရကား–မှာ၊ ကြိယာဝိသိသ်၊ ရံခါဟိတ်၊ တံဆိပ် ခတ်ရှုပြ။

၍,ရကား=ဟု အနက်ပေးသော အထူးပြုတတ်သော ရှေ့ကိတ်ကြိယာ ဂုဏ်ပုဒ်များသည် ကြိယာဝိသေသန မည်၏။ ယင်း–ကြိယာဝိသေသနသည် တရံတခါ ဟိတ် လည်း ဖြစ်နိုင်၏။

ပုံစံကား– ဒဿေန္တော အာဟ အာကာသာနဉ္စာယတနန္တိအာဒိ–စသည်တည်း။

ကြိယာဝိသေသန-စပ်ဟန်ကား ဒဿေန္တော–ကား ၍, ရကား–ဟုအနက်ပေးသော ပထမန္တပုဒ် ဖြစ်သောကြောင့်၊ အာဟ–၌ကြိယာဝိသေသန။

အာဟ–ကားဗြူဓာတ်–အ–ပစ္စည်း–တိ–ဝိဘတ်ဖြင့် ပြီးသော (ပစ္စုပ္ပန်ဟော) ကြိယာပုဒ် ဖြစ်သောကြောင့်၊ ကြိယာဝိသေသျ။

ဟိတ်–စပ်ဟန်ကား။ ဒဿေန္တော–ကား ကြောင့်–ဟု အနက်ပေးသော ပထမန္တပုဒ်ဖြစ်သောကြောင့်၊ အာဟ–၌ အကြောင်း ဟိတ်။

အာဟ–ကား ဗြူဓာတ်+ အ – ပစ္စည်း + တိ – ဝိ ဘတ် ဖြင့် ပြီး သော အ ကြောင်း ဟိတ် ၏–အကျိုးဖိုလ်။

ဘုရားကြီးနိယံ– ဣဒါနိ–အာဟ၊ ရှိကကေန်၊ပစ္စုပ္ပန်ကို၊ အမှန်အာဟ–ဟောလေပြ။

## "သရုပ"

**နိယံ—** လည်းကောင်း, ပေးမူ၊ သရုပ်ယူ။ ဟူ၍, အာကာရ။

လည်းကောင်း—ဟု အနက်ပေးသော ရေတွက်ခြင်း အနက်ရှိသော သမ္ဗောအစိတ်ပုဒ်များသည် သရုပမည်၏။

**ပုံစံကား** — ဒွေ ဓမ္မာ နာမံ ရူပံ—စသည်တည်း။

**စပ်ဟန်ကား—** နာမံ, ရူပံ-တို့ကား လည်းကောင်း-ဟု အနက်ပေးသော သမ္ဗောအစိတ်ပုဒ် ဖြစ်သောကြောင့်၊ ဒွေ-၌ သရုပ။

ဒွေ-ကား သမ္ဗောဟျအပေါင်း ဖြစ်သောကြောင့်၊ သရုပဝန္တ။

---

## "အာကာရ"

**ဟူ၍**—ဟု အနက်ပေးသော အခြင်းအရာအနက်ရှိသော ဒုတိယန္တပုဒ်များသည် အာကာရမည်၏။

**ပုံစံကား** — ပုဗ္ဗကရဏန္တိ ဝုစ္စတိ စသည်တည်း။

**စပ်ဟန်ကား—** ပုဗ္ဗကရဏန္တိ-ကား ဟူ၍-ဟုအနက်ပေးသော အခြင်းအရာအနက်ရှိသော ဒုတိယန္တပုဒ်ဖြစ်သောကြောင့် ဝုစ္စတိ ၌ အာကာရ။

ဝုစ္စတိ-ကား ဝစ-ဓာတ်၊ ကမ္မ ယ-ပစ္စည်း၊ တိ-ဝိဘတ်ဖြင့်ပြီးသော ကံအာချာတ်၏ ယှဉ်ဖက်ပုဒ် ဖြစ်သောကြောင့်၊ အာကာရဝန္တ။

---

## နိဒဿန

နိယံ– ဝေ်၊ ဥက္ကတိ-ရှိသည့်ပုဒ်မှာ။ သို့ပေးရာ၊ မှတ်ပါ နိဒဿန။

ဤသို့– ဟုအနက်ပေးသော အခြင်းအရာအနက်ရှိသော "ဝေ်၊ ဥက္ကတ်" ပုဒ်များသည် နိဒဿနမည်၏။

ပုံစံကား – (က) ဝေ် ဝေဒိတဗ္ဗ၊

(ခ) ဥက္ကတိ စတုဓာ—စသည်တည်း။

စပ်ဟန်ကား – (က) ဝေ်-ကား ဤသို့-ဟု အနက်ပေးသောအခြင်းအရာအနက်ရှိသော ပုဒ်ဖြစ်သောကြောင့်၊ ဝေဒိတဗ္ဗ-၌ နိဒဿန။

ဝေဒိတဗ္ဗ-ကား ဝိဒ-ဓာတ်+တဗ္ဗ-ပစ္စည်းဖြင့်ပြီးသော ထိုနိဒဿနပုဒ်၏ ယှဉ်စပ်ရာပုဒ်ဖြစ်သောကြောင့်၊ နိဒဿနဝန္တ။

(ခ) ဥက္ကတိ-ကား ဤသို့-ဟု အနက်ပေးသော အခြင်းအရာအနက်ရှိသောပုဒ် ဖြစ်သောကြောင့်၊ စတုဓာ-၌ နိဒဿန။

စတုဓာ-ကား ထိုနိဒဿနပုဒ်၏ ယှဉ်စပ်ရာပုဒ် ဖြစ်သောကြောင့်၊ နိဒဿနဝန္တ။

---

## နိဒဿေတဗ္ဗ

နိယံ— လည်းကောင်း၊ ပေးအပ်၊ ဥက္ကတိ-စပ်၊ နိဒဿေတဗ္ဗ။

လည်းကောင်း–ဟု အနက်ပေးသော ဥက္ကတိ-သဒ္ဒါ၌ စပ်ရသော ညွှန်ပြအပ်သော အစိတ်ပုဒ်သည် နိဒဿေတဗ္ဗ မည်၏။

**ပုံစံကား** — စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ-စသည်တည်း။

**စပ်ဟန်ကား**— စိတ္တံ, စေတသိကံ, ရူပံ, နိဗ္ဗာနံ –တို့ကား“လည်းကောင်း” ဟု အနက်ပေးသော ညွှန်ပြအပ်သော အစိတ်ပုဒ်ဖြစ်သောကြောင့်၊ ဣတိ-၌ နိဒဿေတဗ္ဗ။

ဣတိ-ကား ထိုနိဒဿေတဗ္ဗပုဒ်၏ ယှဉ်စပ်ရာဖြစ်သောကြောင့်၊ နိဒဿန။

---

## သမ္ဘာဝနာ,ဂရဟာ

**နိယံ–** သော်လည်း—ပေးရာ၊ သမ္ဘာဝနာ၊ ဂရဟာ အချို့ရှိ။

သော်လည်း–ဟု အနက်ပေးရသော ချီးမွမ်းခြင်း အနက်ရှိသောပုဒ်သည် သမ္ဘာဝနာမည်၏။

သော်လည်း–ဟု အနက်ပေးရသော ကဲ့ရဲ့ခြင်းအနက် ရှိသောပုဒ်သည် အချို့အရာ၌ ဂရဟာမည်၏။

**ပုံစံကား** —(က) ဗြဟ္မာဏောပိ ပါဏံ ဟနတိ။
(ခ) ဒလိဒ္ဒေါပိ သီလံ ရက္ခတိ-စသည်တည်း။

**စပ်ဟန်ကား**—(က) ဗြာဟ္မဏောပိ-ကား သော်လည်းဟု အနက်ပေးသော ချီးမွမ်းခြင်းအနက်ရှိသောပုဒ်ဖြစ်သောကြောင့် ဟနတိ-၌ သမ္ဘာဝနာ။

ဟနတိကား ဟန-ဓာတ်+ဂ ဝဍ္ဍ အ, ပစ္စည်း+ တိဝိဘတ်ဖြင့်ပြီးသော ထိုသမ္ဘာဝနာပုဒ်၏ စပ်ယှဉ်ရာဖြစ်သောကြောင့်၊ သမ္ဘာဝနာဝန္တ။

**အဓိပ္ပာယ်ကား**။ဗြာဟ္မဏသော်မှ သူ့အသက်ကို သတ်သေး၏။ သုဒ္ဒကမူကား ဆိုဖွယ်မရှိဟူလို။

(ခ) ဒလိဒ္ဒေါ-ကား သော်လည်းဟု အနက်ပေးသော ကဲ့ရဲ့ခြင်းအနက်ရှိသော ပုဒ်ဖြစ်သောကြောင့် ရက္ခတိ-၌ ဂရဟာ။

ရက္ခတိ-ကား ရက္ခ-ဓာတ်+ကတွတ္တ အ, ပနည်း+တိ-
ဝိဘတ်ဖြင့်ပြီးသော ထိုဂရဟ ပုဒ်၏ ယှဉ်ရာစပ်ရာဖြစ်
သောကြောင့် ဂရဟာဝန္တ။

အဓိပ္ပာယ်ကား။ ဒလိဒ္ဒသော်မှ သီလစောင့်သေး၏။ သမိဒ္ဓမူကား ဆိုဖွယ်
မရှိဟူလို။

ဘုရားကြီးနိဿယ၊ ။(က) ဗဟု, ပဏ္ဍိတ၊ ဝါစကနောက်၊ ရောက်သည့်
သမ္ဘာဝနာ၊ ပိ-သဒ္ဒါကား၊ ဂရဟာကို ပေါင်း
ဆည်းထွန်းမြဲ။

(ခ) အပ္ပ,ဟီန၊ ဝါစကနောက်၊ ရောက်သည့်ဂရဟာ
ပိ-သဒ္ဒါကား၊ သမ္ဘာဝနာကို ပေါင်းဆည်း
ထွန်းမြဲ။ [အာချာတ်သာမိနိဿယ နည်းတူ]

---

## ဂရဟာ

နိဿယ – မူလည်း,လျှင်မှာ၊ ဂရဟာ၊ စဉ်-မှာ အနာဒရ။

မူလည်း, လျှင်-ဟု အနက်ပေးသော ကဲ့ရဲ့ခြင်းအနက်ရှိသော
ပုဒ်, သည် ဂရဟ မည်၏။

ပုံစံကား–အန္တမသော ဂါမန္တရမ္ပိ-စသည်တည်း၊

စပ်ဟန်ကား–ဂါမန္တရမ္ပိကား မူလည်း-ဟု အနက်ပေးသော ကဲ့ရဲ့ခြင်း
အနက်ရှိသောပုဒ် ဖြစ်သောကြောင့် ဂစ္ဆေယျ-၌ ဂရဟာ။

ဂစ္ဆေယျ-ကား ဂမု-ဓာတ်+ကတ္တု အ, ပစ္စည်း+ဧယျဝိဘတ်
ဖြင့်ပြီးသော ထိုဂရဟာပုဒ်၏ ယှဉ်ပေါ်ရာ ပုဒ် ဖြစ်သောကြောင့်
ဂရဟာဝန္တ။

---

## အနာဒရ

စဉ်,ဟူ၍ အနက်ပေးသော မရိုသေခြင်း အနာဒရအနက်၌
ဆဋ္ဌီသတ္တမီဝိဘတ်သက်၍ ပြီးသောပုဒ်သည် အနာဒရမည်၏။

ပုံစံကား။ (က) ရှုဒဇောဒါရကဿ ပဗ္ဗဇိ ပိတာ။

(ခ) ရုဒ္ဒတိ ဒါရကော ပဗ္ဗဇိ ပိတာ-စသည်တည်း။

စပ်ဟန်ကား (က) ဒါရကဿ-ကား 'သည်' ဟု အနက်ပေးသော ဆဋ္ဌျန္တ-နာမ်ပုဒ်ဖြစ်သောကြောင့်–ရုဒတော-၌ အနာဒ ယ-ဝန္တကတ္တား။

ရုဒတော-ကား၊ ထိုကတ္တား၏ ဝိဘတ်တူဖြစ်၍ မရိုသေအပ်သော ကိတ်ကြိယာပုဒ်ဖြစ်သောကြောင့်၊ အနာဒရိယ။

ရုဒတော-ကား စဉ်-ဟု အနက်ပေးသော မရိုသေသော ဆဋ္ဌျန္တပုဒ်ဖြစ်သောကြောင့်၊ ပဗ္ဗဇိ-၌ အနာဒရိယ။

ပဗ္ဗဇိ-ကား ပ-ပုဗ္ဗ+ဝဇ-ဓာတ်+ကတ္တုအာ,ပစ္စည်း+ဤ-ဝိဘတ်ဖြင့် ပြီးသော–ထိုအနာဒရ၏ ယှဉ်စပ်ရာမရိုသေခြင်း အနက်ရှိသော ကြိယာပုဒ် ဖြစ်သောကြောင့်-အနာဒရ။

ပိတာ-ကား သည်-ဟု အနက်ပေးသော ပထမန္တနာမ်ပုဒ်ဖြစ်သောကြောင့်-ပဗ္ဗဇိ-၌ အနာဒရဝန္တကတ္တား။

ပဗ္ဗဇိ-ကား ပ-ပုဗ္ဗ+ဝဇဓာတ်+ကတ္တုအာ,ပစ္စည်း+ဤဝိဘတ်ဖြစ်သောကြောင့်းထိုကတ္တားကိုဟောသော အနာဒရကြိယာ။

[မောင်းထောင်နိယံ] ကြိယာပြိုင်က၊ နာဒရ၊ မှတ်ကြအရာမျှော်။

[စတုက္ကခွဲနည်း] ပဗ္ဗဇိ-ကား အနာဒရ။ ပိတာ-ကား အနာဒရဝန္တ။ ရုဒတော-ကား အနာဒရိယ။ ဒါရကဿ-ကား အနာဒရိယဝန္တ။

[အမှာ] (ခ) ပုံစံ၌ သတ္တမီသာထူး၏–စပ်ပုံ,ခွဲပုံနည်းတူမှတ်လေ။

အာ ကာရက စာစပ်နည်း ပြီး၏။

## (အခန်း၃)

## သိမှတ်ဖွယ်ရာ အဖြူးဖြာ

### ရူပကအနက်

နိယံ–တည်းဟူသောနှင့် ဟူသောပေးရာ၊ အနက်မှာ၊ မှတ်ပါရူပက။

သမာသ်ပုဒ် တခုတည်းတွင် ဥပမာန အနက်နှင့် ဥပမေယျ အနက်နှစ်ခုကို မကွဲပြားစေပဲ ထပ်တူပြုလျက်"တည်းဟူသော" ဟူ၍လည်းကောင်း "ဟူသော" ဟူ၍လည်းကောင်း အနက်ပေးရသောပုဒ်သည် ရူပက မည်၏။

ပုံစံကား–မုနိန္ဒကျော– ဟူသည်တည်း။

အနက်ကား–မုနိန္ဒကျော၊ ဘုရားတည်းဟူသော နေမင်းသည်။

---

### သဒိသအနက်

နိယံ–နှင့်တူ- ပါရာ အနက်မှာ၊ မှတ်ပါ သဒိသ။

သမာသ်ပုဒ်တခုတည်းတွင် ဥပမာနအနက်နှင့် ဥပမေယျ အနက်နှစ်ခုကို ကွဲပြားစေလျက် "နှင့်တူသော"ဟူ၍အနက်ပေး ရသောပုဒ်သည် သဒိသမည်၏။

ပုံစံကား –မုနိန္ဒကျော၊ ဟူသည်တည်း။

အနက်ကား–မုနိန္ဒကျော၊ ဘုရားနှင့်တူသော နေမင်းသည်။

---

### ဥပမာအနက်

နိယံ–ကဲ့သို့ပေးရာ၊ ဥပမာ၊ မြဲစွာမှတ်ကုန်ကြ။

သမာသ်ပုဒ် တခုတည်းတွင်ဥပမာနပုဒ် အနက်နှင့် ဥပမေယျပုဒ် အနက်နှစ်ခုကို ကွဲပြားစေလျက် "ကဲ့သို့"ဟု အနက်ပေး ရသောပုဒ်သည် ဥပမာမည်၏

**ပုံစံကား** --မုနိန္ဒက္ကော ဟူသည်တည်း။

**အနက်ကား**-မုနိန္ဒက္ကော၊ သုရားကဲ့သို့သော နေမင်းသည်။

---

## သမုပေက္ခာအနက်

**နိယံ**-ပုဒ်နက်နှစ်ခု၊ အပြိုင်ပြု၊ သမုပေက္ခာပြ။

သမာသ်ပုဒ် တခုတည်းတွင် ဥပမာနအနက်နှင့် ဥပမေယျ အနက်နှစ်ခုကို လုံးဝမကွဲပြားစေပဲ ရူပကထက်ပင် ထပ်တူ အပြိုင်ပြုလျက် အနက်ပေးရသောပုဒ်သည် သမုပေက္ခာမည်၏။

**ပုံစံကား** -မုနိန္ဒက္ကော- ဟူသည်တည်း။

**အနက်ကား**-မုနိန္ဒက္ကော၊ ဘုရား+နေမင်းသည်။

[**မှတ်ချက်**]ဤပုဒ်များသည် သမာသ်တခုထည်းတွင်ဖြစ်၍ အနက် အဓိပ္ပါယ်ကိုသာ မှတ်ရန်ရှိသည်။

စာစပ်ဆိုရန်မရှိ။ စာစပ်ရန်မှာ စပ်မြဲထုံးစံအတိုင်းကတ္တား, ကံစသည်အဖြစ်ဖြင့်သာ စပ်ရာ၏။ ရူပကစပ်စသည်မရှိမှတ်။

---

## ကတ္တုဠက္ကိယာ

**နိယံ**- ကတ္တားဟောရှာ၊ ကြိယာ၊ မှတ်ပါကတ္တုဠ။

ကတ္တားအနက်ဟောကြိယာသည် ကတ္တုကာရက၏အနက် ဖြစ်ပေါ်၍ တည်မြဲဖြစ်၏။

**ပုံစံကား** -ပုရိသော ဂါမံ ဂစ္ဆတိ၊ စသည်ဘည်း။

**အဓိပ္ပါယ်ကား**-ဤပြဆိုခဲ့ ဂစ္ဆတိ-အရ ကတ္တား အနက်ဟော "သွား တတ်"ဟူသော ကြိယာသည် ပုရိသော-အရ ယောက်ျားဟူသော ကတ္တုကာရကနှင့် စပ်ဆိုင်၏, ယှဉ်စပ်၏။ သွားခြင်းကြိယာကို

ယောကျ်ားကသာ ပြုလုပ်နိုင်၏-ပြီးစေနိုင်၏။ ယင်းသို့ "ယောကျ်ားသည် သွားတတ်သူ" ဟု အနက်အားဖြင့် ယှဉ်စပ်နေခြင်းကိုပင် ကတ္တားဟောကြိယာသည် ကတ္တုကာရက၏ ဒြပ်ပေါ်၌တည်သည် ဟုဆိုသည်။

ဂါမံ ကံကား ပါပုဏနသတ္တိသာရှိ၍ သွားခြင်းကြိယာကို ပြီးစေနိုင်စွမ်းမရှိ။ "ရွာသည်+သွားတတ်သူ" ဟု အနက်အားဖြင့်မစပ်ဆိုင်မှတ်ရာ၏။

---

### ကမ္မဌကြိယာ

နိယံ- ကံဟောကြိယာ၊ ဟူသည်မှာ၊ မြဲစွာ ကမ္မဌ။
ကံအနက်ဟော ကြိယာသည် ကမ္မကာရကပုဒ်၏ အနက် ဒြပ်ပေါ်၌ တည်မြဲဖြင့်၏။

ပုံစံကား –ပုရိသေန ဂါမော ဂစ္ဆီယတေ။ စသတည်း။

အဓိပ္ပါယ်ကား-ဤဥပုဒ်၌ ဂစ္ဆီယတေ-အရ ကံအနက်ဟော"သွားအပ်" ဟူသော ကြိယာသည် ဂါမော-အရ ရွာဟူသောကမ္မကာရကနှင့် စပ်ဆိုင်၏၊ ယှဉ်စပ်၏။ သွားအပ်-ဆိုသည် ဘယ်သို့သွားအပ်သနည်း-မေးမူ "ရွာသို့သွားအပ်" ဟု သွားအပ်သွားထိုက်သော ရွာ-အဖြစ်ဖြင့်-ဂစ္ဆီယတေ နှင့် ဂါမော- တို့ကား စပ်ဆိုင်နေသည်။ သို့ဖြစ်၍ ကံဟောကြိယာသည် ကမ္မကာရက၏ အနက် ဒြပ်ပေါ်၌ တည်သည်ဟုဆိုသည်။

ပုရိသေန-ကား သွားခြင်းကို ပြီးစေနိုင်ငြားလည်းပါပုဏနသတ္တိကင်းသောကြောင့် "ယောကျ်ားသို့+သွားအပ်" ဟုအနက်အားဖြင့် မစပ်ဆိုင် မှတ်ရာ၏။

## ကတ္တားဟောဝါကျ ပုဒ်ထားနည်း

**နိယံ–** ကြိယာ ကတ္တား၊ ဟောလတ်ငြား၊ ဂ တ္တားဝုတ္တနေ။
ကတ္တား ဝုတ္တ၊ ရှိလတ်က၊ အဝုတ္တကံဟူ ပေ။

ဝါကျရပ်တခုတွင် ကြိယာပုဒ်နှင့် ကတ္တားပုဒ်တို့ အနက်အရတူကြ၍ ကြိယာပုဒ်သည် ကတ္တားဟောဖြစ်လျှင်၊ ယင်း၏ကတ္တားပုဒ်သည် ပထမာဝိဘတ်သက်၍ ဖြစ်ပြီးသော ဝုတ္တကတ္တားပုဒ် ဖြစ်စေရမည်။ ကံပုဒ်မှာမူ ဒုတိယာဝိဘတ်သက်၍ပြီးသော အဝုတ္တကံပုဒ် ဖြစ်စေရမည်။

**ပုံစံကား** –ရိုသော ဂါမံ ဂစ္ဆတိ ...စသည်တည်း။

---

## ကံဟောဝါကျပုဒ်ထားနည်း

**နိယံ–** ကံဟောကြိယာ၊ ရှိသောခါ၊ ကံသာ ဝုတ္တစပ်။
ကံမူ ဝုတ္တ၊ ရှိလတ်က၊ အဝုတ္တကတ္တားမှတ်။

ဝါကျရပ်တခုတွင် ကြိယာပုဒ်နှင့် ကံပုဒ်တို့အနက်အရ တူကြ၍ ကြိယာပုဒ်သည် ကံဟောဖြစ်လျှင်၊ ယင်း၏ ကံပုဒ်သည် ပထမာဝိဘတ်သက်၍ ပြီးသောဝုတ္တကံပုဒ် ဖြစ်စေရမည်။ ကတ္တားပုဒ်မှာမူ တတိယာဝိဘတ်သက်၍ ပြီးသော အဝုတ္တကတ္တားပုဒ်ဖြစ်စေရမည်။

**ပုံစံကား** –ပုရိသေန ဂါမော ဂစ္ဆီယတေ။ စသည်တည်း။

---

## ဘောဟောဝါကျပုဒ်ထားနည်း

**နိယံ–**ဘောဟော ကြိယာ၊ ရှိသောခါ၊ နှစ်ဖြာ ကံ, ကတ်၊ အဝုတ္တဟုမှတ်။

ခြင်း–ဟူ၍လည်းကောင်း၊ ရာ-ဟူ၍သည်းကောင်း အနက်ပေးသော ကြိယာပုဒ်သည် ဘောဟော ကြိယာပုဒ်မည်၏။

ဝါကျရပ်တခုတွင် ကြိယာပုဒ်သည် ဘောအနက်ဟောဖြစ်ခဲ့လျှင် ကံ-ပုဒ်သည် ဒုတိယာဝိဘတ်သက်၍ ပြီးသော အဝုတ္တကံပုဒ်ဖြစ်စေရမည်။

ကတ္တားပုဒ်သည် တတိယာဝိဘတ်သက်၍ ပြီးသော အဝုတ္တကတ္တားပုဒ် ဖြစ်စေရမည်။

**ပုံစံကား**–ပုရိသေန ဂါမံ ဂစ္ဆီယတေ စသည်တည်း။

**စပ်ဟန်ကား**–ပုရိသေန-ကား သည်-ဟု အနက်ပေးသော တတိယာကေဝလနတ္တနာမ်ပုဒ် ဖြစ်သောကြောင့်၊ ဂစ္ဆီယတေ-၌ အဝုတ္တကတ္တား။

ဂစ္ဆီယတေ-ကား၊ ဂမုဓာတ်+ဘာဝဝါစ္စ ယ-ပစ္စည်း+တေဝိဘတ်ဖြင့် ပြီးသောကြောင့် ထိုတတိယန္တကတ္တားကို မဟောသော အာချာတ်ကြိယာဝါစက။

ဂါမံ-ကား သို့-ဟု အနက်ပေးသော ဒုတိယာကေဝလနတ္တနာမ်ပုဒ်ဖြစ်သောကြောင့် ဂစ္ဆီယတေ-၌ အဝုတ္တကံ။

ဂစ္ဆီယတေ-ကား၊ ဂမုဓာတ်+ဘာဝဝါစ္စ ယ-ပစ္စည်း+တေဝိဘတ်ဖြင့် ပြီးသောကြောင့်၊ ထိုဒုတိယန္တ ကံကို မဟောသော အာချာတ်ကြိယာဝါစက။

---

## သကမ္မကကြိယာ

**နိယံ**–သကမ္မကကြိယာ၊ ရှိသောခါ၊ နှင့်ဖြာ ကံ, ကတ် ရှိမြဲမှတ်။

(က) ကြိယာသည်– ကံပုဒ်ပါမှ အဓိပ္ပာယ်ပြည့်စုံသော သကမ္မကြိယာ။

(ခ) ကြိယာသည်– ကံပုဒ်မပါပဲလည်း အဓိပ္ပာယ်ပြည့်စုံသော အကမ္မကကြိယာ ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်-ဝါကျရပ်တခုတွင် သကမ္မကကြိယာပါရှိသောအခါ ကံပုဒ်, ကတ္တားပုဒ် နှစ်ရပ်လုံးပါရှိရမြဲဖြစ်သည်မှတ်။

**ပုံစံကား-** (က) ပုရိသော ဂါမံ ဂစ္ဆတိ။ [ကတ္တုဝါကျ-သကမ္မက-ဂမု ဓာတ်ပြယုဂ်]

(ခ) ပုရိသေန ဂါမော ဂစ္ဆိယတေ။ [ကမ္မဝါကျ-သကမ္မက ဂမု- ဓာတ်ပြယုဂ်]

---

## အကမ္မကကြိယာ

**နိယံ-** အကမ္မကကြိယာ၊ ရှိဝါကျ၊ ကတ်သာ ရှိနေတတ်။

ဝါကျရပ်တခုတွင် - အကမ္မကကြိယာ ပါရှိသောအခါ ကတ္တားပုဒ်သာပါတတ်၍ ကံပုဒ်မပါနိုင်မှတ်။

**ပုံစံကား-** (က) သုခံ တေ ဟောတု။

(ခ) ဘဝတု သဗ္ဗမင်္ဂလံ။

(ဂ) ပရိယတ္တိ ရုဇ္ဇာ သေတိ။

(ဃ) ဂင်္ဂါယံ ဃောသော တိဋ္ဌတိ။

**[ဆောင်ပုဒ်]** ဟူ-ဘူ-သိ ဌာ။ ဤလေးဖြာ အကမ္မကာမှတ်။

---

## ကတ္တားနှင့်ကြိယာ

**နိယံ-** ကတ္တား ကြိယာ၊ ဟူသည်မှာ၊ နိစ္စာယှဉ်မြဲမှတ်။

ကြိယာမည်သည်မှာ ယင်းကြိယာကိုပြီးစေနိုင်သူ ကတ္တားနှင့် ဘယ်ခါမျှမကင်းနိုင်၊ အမြဲယှဉ်ရမြဲတည်း။

ကတ္တားမည်သည်မှာလည်း ယင်းကတ္တားကပြီးစေသော ကြိယာနှင့် ဘယ်ခါမျှမကင်းနိုင်၊ အမြဲယှဉ်ရမြဲတည်း။

သို့ဖြစ်၍ ဝါကျရပ်တခုတွင် ကတ္တားပုဒ်သော်လည်းကောင်း၊ ကြိယာပုဒ်သော်လည်းကောင်း တိုက်ရိုက်မပါဖြစ်ခဲ့ပါက ယင်းကြိယာ၏ ကတ္တားပုဒ် ကိုလည်းကောင်း

ယင်းကတ္တား၏ ကြိယာပုဒ်ကိုလည်းကောင်း၊ ပါဌသေသ, ဂမျမာန်, အဇ္ဈာဟရိတဗ္ဗ နည်းတို့ဖြင့် ဆောင်ယူ ထည့်သွင်း၍ အနက်ပြန်ဆိုရမြဲတည်း။

ပုံစံကား– (က) ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။ (ပရိပုဏ္ဏဝါကျ)

(ခ) ဗြူဟိ မင်္ဂလ-မုတ္တမံ။ (ကတ္တုဟီနဝါကျ)

(ဂ) ယေန ဘဂဝါ၊ တေနုပသင်္ကမိ။ (ကြိယာဟီနဝါကျ)

[မောင်းထောင်နိယံ] ခပ်သိမ်းအရာ၊ ကြိယာပါဒ၊ မကြားရချေ၊ မမြင်လေလျှင်၊ ထိုဘွင်အတ္ထိ၊ ဘဝတိ-ကြိယာ၊ ယထာ ဒေဟ-ထည့်သွင်းရ၊ မှတ်ကြမြဲမြဲစွာ။

---

## ကံဟောကြိယာ-ကတ္တားဖြစ်

နိယံ– ကံဟောကြိယာ၊ နောက်မှာအဟုတ်၊ အာချာတ်ထုတ်၊ မယုတ် ကတ္တားလွဲ။

ဝါကျချပ်တခု၌ ကံဟောကိတ်ကြိယာပုဒ်၏ နောက်တွင် ကတ္တားဟောအာချာတ်ကြိယာပုဒ် ဆိုက်ရောက်လာခဲ့သော် ယင်းကံဟော ကိတ်ကြိယာပုဒ်သည် ကတ္တားပုဒ်အဖြစ်သို့ ပြောင်းလွဲသွားရလေသည်။

ပုံစံကား– အဝေဒ္ဓ အ ကွ္ခရသည ာတော-စသည် ဘည်း။

ပြောင်းလွဲပုံ (က)အဝေဒ္ဓ၊ အနက်ကို။ အကွခရသညာတော၊ ....သိအပ် မှတ်အပ်၏။ (ကံဟောကိတ်ကြိယာ)

(ခ) အဝေဒ္ဓ၊ကို။ အကွခရသညာတော၊....သိအပ်မှတ်အပ် သည်။ ဟောတိ၊ ၏။ (အာချာတ်ကြိယာဝင်လာပုံ)

### အာချာတ်ကြိယာ-ကတ္တား ကံဖြစ်

**နိယံ–** အာချာတ်ပုဒ်ကား၊ ရံခါ ငြား၊ ကတ္တား ကံဖြာ မြဲ။

ကြိယံ အာချာယတီတိ အာချာတံ-နှင့်အညီ ကြိယာ အနက်ကိုသာ ဟောမြဲဖြစ်သော အာချာတ ကြိယာပုဒ်သည် တရံတခါ ကတ္တားအဖြစ်သို့လည်းကောင်း ကံအဖြစ်သို့လည်း ကောင်း ပြောင်းလဲသွားနိုင်သည်။

**ပုံစံကား–** (က) ကော မေ ဝန္ဒတိ ပါဒါနိ။ (ဝန္ဒတိ-အာချာတ်ပုဒ်-ကတ္တားဖြစ်ပုံ)

(ခ) မိဂံ ခါဝတိ ပဿာမိ။ ။(ခါဝတိ-အာချာတ်ပုဒ် ကံဖြစ်ပုံ)

---

### အမည်ဟော အာချာတ်ပုဒ် နာမ်ဖြစ်

**နိယံ–** အမည်ပြု လုပ်၊ အာချာတ်ပုဒ်၊ မယုတ်နာမ်ဖြစ်မြဲ။

အမည်ပြုလုပ် သုံးစွဲထားသော အာချာတ်ပုဒ်သည် နာမ်ပုဒ် ဖြစ်ရမြဲတည်း။

**ပုံစံကား–** မာခလိ ဂေါသာလော ဂစ္ဆတိ-စသည်တည်း။

ဤ၌ "မာခလိ"ဟူသော အာချာတ်ပုဒ်သည် နွားခြံ၌ မွေးဖွားသူ၏အမည် ပြုလုပ်သုံးစွဲထားသောကြောင့်- နာမ်ပုဒ် ဖြစ်သွားတော့၏။

---

### ခါတ်, ပစ္စည်း၌ စပ်ရသောပုဒ်

**နိယံ–** ကံနှင့်ကတ္တား၊ ဝုတ္တငြား၊ နှစ်ပါး ခါတ်, ပစ္စည်းမှာစပ်။

ဝုတ္တကံပုဒ်, ဝုတ္တကတ္တားပုဒ်များကို ဆိုက်ရာစပ်ရာ ကြိယာ ကြိယာပုဒ်၏ ခါတ်၌လည်းကောင်း၊ ပစ္စည်း၌လည်းကောင်း၊ ခါတ်, ပစ္စည်းနှစ်ပုဒ်လုံး၌ စာစပ်ရမည်မှတ်။

ဤ၌ ပစ္စည်းဟူသည် ကိတ်ပစ္စည်းနှင့် အာချာတ်ဝိဘတ်များကို ဆိုသည်မှတ်။

ပုံစံကား– (က) ပုရိသေန ဂါမော ဂတော။ ဂစ္ဆိယတေ ဝါ။(ကမ္မဝါကျ)

(ခ) ပုရိသော ဂါမံ ဂတော၊ ဂစ္ဆတိ ဝါ၊ (ကတ္တုဝါကျ)

ရှင်းလင်းချက်– (က) ကမ္မဝါကျ၌ ဂါမော-ဟူသော ဝုတ္တကံပုဒ်၏ "ရွာသို့"ဟူသော အနက်ကို။

ဂတော ဂစ္ဆိယတေ-တို့၌ ဂမုဓာတ်၏"သွား"ဟူသော အနက်၌လည်းကောင်း။ ကံဟော-တ-ပစ္စည်း, တေ-ဝိဘတ်တို့၏ 'အပ်၏" ဟူသော အနက်၌လည်းကောင်း-စပ်ရမည်။

ယင်းသို့စပ်သော်"ရွာသို့+ သွား+ အပ်၏"ဟူသောအနက်ကို သိနိုင်၏။

ဂါမောပုဒ်၌ သွားခြင်းကြိယာဖြင့် ရောက်အပ်သော ပါပုဏနသတ္တိတည်ရှိပုံကိုလည်း သိနိုင်၏။

(ခ) ကတ္တုဝါကျ၌–ပုရိသော-ဟူသော ဝုတ္တကတ္တားပုဒ်၏ "ယောကျ်ားသည်"ဟူသော အနက်ကိုဂတော,ဂစ္ဆတိ-တို့၌ ဂမုဓာတ်၏"သွားဟူသော အနက်၌လည်းကောင်း။ ကတ္တားဟော -တ, ပစ္စည်း၊ တိ-ဝိဘတ်တို့၏ "တတ်၏" ဟူသော အနက်၌လည်းကောင်း-စပ်ရမည်။

ယင်းသို့စပ်သော်– " ယောကျ်ားသည်+သွား+တတ်၏ " ဟူသောအနက်ကို သိနိုင်၏။

ပုရိသော-ပုဒ်၌ သွားခြင်းကြိယာကို ပြီးစေတတ်သော ကြိယာ-ဘိနိပ္ဖါဒနသတ္တိတည်ရှိပုံကိုလည်း။ သိနိုင်၏။

(အမှာ) စာစပ်ဆိုရိုးကား–ဆရာရကအခန်း၌ ပြခဲ့ပြီးအတိုင်းပင်တည်း။

## ခေတ်၌သာ စပ်ရသောပုဒ်

**နိယံ–** အဝုတ္တပင်၊ ကံ, ကတ်မြင်၊ ခေတ်တွင် ရွေးသာစပ်။

အဝုတ္တကံပုဒ်၊ အဝုတ္တ ကတ္တားပုဒ်များကို ဆိုက်ရာစပ်ရာ ကြိယာပုဒ်တွင်ရှိ ခေတ်၌သာ စပ်ရမည်၊ ပစ္စည်း၌ မစပ်ရမှတ်။

**ပုံစံကား–** (က) ပုရိသေန ဂါမော ဂတော။

(ခ) ပုရိသော ဂါမံ ဂတော-စသည်တည်း။

**ရှင်းလင်းချက်–** (က) ဝါကျ၌ ပုရိသေန=ဟူသော အဝုတ္တကတ္တား ပုဒ်၏ "ယောကျ်ားသည်" ဟူသော အနက်ကို ဂတော-ဟူသော ကံဟော ကိတ်ကြိယာပုဒ်တွင်ရှိ "သွား" ဟူသော ဂမုခေတ် အနက်၌သာ စပ်၍ "ယောကျ်ားသည်+သွား" ဟူသော အနက်ကို သိအပ်၏။ "အပ်၏" ဟူသော တ-ပစ္စည်း၏အနက်၌ မစပ်ရ မှတ်လေ။

(ခ) ဝါကျ၌ ဂါမံ-ဟူသော အဝုတ္တကံပုဒ်၏ "ရွာသို့" ဟူသော အနက်ကို၊ ဂတော-ဟူသော ကတ္တားဟော ကိတ်ကြိယာ တွင်ရှိ "သွား" ဟူသော ဂမုခေတ်၏ အနက်၌သာစပ်၍ "ရွာသို့+သွား" ဟူသော အနက်ကို သိအပ်၏။ "တတ်၏" ဟူသော ကတ္တားဟော တ-ပစ္စည်း၏ အနက်၌ မစပ်ရမှတ်လေ။

[အမှာ] စာစပ်ဆိုရိုးပြခဲ့ပြီး အတိုင်းပင်တည်း။

---

## ကရိုဏ်းစသည် ခေတ်၌စပ်

**နိယံ–** ကရိုဏ်း စသား၊ ဤလေးပါး၊ မများခေတ်တွင်စပ်။

ကရိုဏ်းပုဒ်, သမ္ပဒါန်ပုဒ်, အပါဒါန်ပုဒ်, ဩကာသပုဒ် များကို ဆိုက်ရာစပ်ရာ ကြိယာပုဒ်တွင် ခေတ်၌သာ စပ်ရမည်။ ပစ္စည်း,ဝိဘတ်၌ မစပ်ရမှတ်။

ပုံစံကား– (က) ဒတွေန ဝိယာံ လုနာတိ။

(ခ) ဘိက္ခုသာ စီဝရံ ဒေတိ။

(ဂ) ဂါမာ အပေန္တိ မုနယော။

(ဃ) သာဝတ္ထိယံ ဝိဟာရတိ-စသည်တည်း။

ရှင်းလင်းချက်– (က) ဒတွေန- ကရိုဏ်းပုဒ်၏ "တံစဉ်ဖြင့်" ဟူသော အနက်ကို လုနာတိ-လယ် လူဓာတ်၏ အနက် "ရိတ်ဖြတ်" ဥ်သာစပ်၍ "တံစဉ်ဖြင့်+ရိတ်ဖြတ်"ဟူသော အနက်ကို သိအပ်၏။

(ခ) ဘိက္ခုသာ-သမ္ပဒါန်ပုဒ်၏ "ရဟန်းအား"ဟူသော အနက်ကို ဒေတိ-ဝယ် ဒါ-ဓာတ်၏အနက် 'ပေးလှူ' ဥ်သာစပ်၍ "ရဟန်း အား+ပေးလှူ" ဟူသောအနက်ကို သိအပ်၏။

(ဂ) ဂါမာ-အပါဒါန် ပုဒ်၏ "ရွာမှ" ဟူသော အနက်ကို အပေန္တိ-ဝယ် အပ+ဣ ဓာတ်၏အနက် ဖဲသွား-ဥ်သာစပ်၍ "ရွာမှ+ဖဲသွား"ဟူသော အနက်ကို သိအပ်၏။

(ဃ) သာဝတ္ထိယံ ဩကာသ ပုဒ်၏ "သာဝတ္ထိမြို့၌" ဟူသော အနက်ကို ဝိဟာရတိ-ဝယ် ဝိပုဗ္ဗ+ဟရ ဓာတ်၏ အနက် "နေ" ဥ်သာစပ်၍ "သာဝတ္ထိမြို့၌+နေ" ဟူသော အနက်ကို သိအပ်၏။

[အမှာ] စာစပ်ဆိုရိုး ရှေးအတိုင်းပင်တည်း။

---

ကာရက+ကိရိယာ(ကာ,ကိ)ခွဲ

နိယံ– ဓာတ်တွင်ရှေ့တိ၊ စပ်တုံဘိ၊ ကာ, ကိခွဲ၍ဆို။

ဓာတ်၌သာစပ်ရသော အဝုတ္တကံ,အဝုတ္တကတ္တား, ကရိုဏ်း သမ္ပဒါန်, အပါဒါန်, အာဓာရပုဒ်တို့ကို စာစပ်သောအခါ၌

"အဝုတ္တကံ+ထိုကံ၏ကိရိယာ" အဝုတ္တကတ္တား+ထိုကတ္တား၏ ကြိယာ။ ကရိုဏ်း+ထိုကရိုဏ်း၏ကြိယာ။ သမ္ပဒါန်+ထိုသမ္ပဒါန်၏ကြိယာ။ အပါဒါန်+ထိုအပါဒါန်၏ ကြိယာ၊သြကာသ ကာရက+ထိုသြကာသကာရက၏ ကြိယာ–ဟူ၍ ကာရက နှင့် ကြိယာ–ခွဲခြားစပ်ဆိုရမည်။

အမှာ– ပုံစံနှင့်စပ်ဟန်ကား–ပြခဲ့ပြီးအတိုင်းပင်တည်း။

---

## ဝါစ္စ+ဝါစက(ဝါစ်, ဝါ)ခွဲ

နိယံ– ပစ္စည်းတွင်သာ၊ စပ်သောခါ၊ ဝါစ်, ဝါ ခွဲ၍ဆို။

ပစ္စည်း, ဝိဘတ်တွင်သာ စပ်ရသော ဝုတ္တကတ္တား ဝုတ္တကံပုဒ်များကို စပ်သောအခါ၌–

(က) ဝုတ္တကတ္တားကို ဝုတ္တကတ္တုဝါစ္စ–ဟူ၍လည်းကောင်း။

(ခ) ဝုတ္တကံကို ဝုတ္တကမ္မဝါစ္စ–ဟူ၍လည်းကောင်း။

(ဂ) ကိတ်ကြိယာပုဒ်ကို ကိတ်ကြိယာဝါစက ဟူ၍လည်း ကောင်း။

(ဃ) အာချာတ်ပုဒ်ကို အာချာတ်ကြိယာဝါစက ဟူ၍လည်း ကောင်း။

ဝါစ္စ+ဝါစက–ခွဲခြား၍–စပ်ဆိုရမည်မှတ်။

ပုံစံနှင့်စပ်ဟန်ကား–ပြခဲ့ပြီးအတိုင်းပင်တည်း။

---

## ကာ+ကိ,ဝါစ်+ဝါ–ခွဲ၍ဆိုရိုးပြုပုံ အကျဉ်းနည်းကား

ပုရိသေန ဂါမော ဂစ္ဆိယတေ။ ပုရိသော ဂါမံ ဂစ္ဆတိ–စသည် ဝယ်

အဝုတ္တကတ္တား–၌ (က) ပုရိသေန–ကား–သည်–ဟု အနက်ပေးသောကြောင့်၊ ဂစ္ဆိယတေ–၌ တေ–ဝိဘတ်ဟူသော အာချာတ် ကြိယာသည် မဟောအပ်သော အဝုတ္တကတ္တုကာရက။ ဂစ္ဆိယတေ–ကား၊ ထိုကတ္တားကို မဟောသော အာချာတ်ကိရိယာ။

အဝုတ္တကံ–၌ (ခ) ဂါမံ–ကား သို့-ဟုအနက်ပေးသောကြောင့် ဂစ္ဆတိ–၌ တိ–ဝိဘတ်ဟူသောအာချာတ်ကြိယာသည် မဟောအပ်သော အဝုတ္တကမ္မကာရက။

ဂစ္ဆတိ–ကား ထိုကံကို မဟောသော အာချာတ်ကိရိယာ။

ကရိုဏ်း–၌ (ဂ) ဒဏ္ဍေန–ကား ဖြင့်–ဟု အနက်ပေးသောကြောင့်၊ လုနာတိ–၌ ကရဏကာရက။ လုနာတိ–ကား ထိုကရိုဏ်း၏ကိရိယာ။

သမ္ပဒါန်–၌ (ဃ) ဘိက္ခုဿ–ကားအား–ဟုအနက်ပေးသောကြောင့်၊ ဒေတိ–၌ သမ္ပဒါနကာရက။ ဒေတိ–ကား– ထိုသမ္ပဒါန်၏ကိရိယာ။

အပါဒါန်–၌ (င) ဂါမာ–ကား–မှ –ဟု အနက်ပေးသောကြောင့်၊ အပေန္တိ–၌ အပါဒါန်။ အပေန္တိ–ကား–ထိုအပါဒါန်၏ ကိရိယာ။

ဩကာသ–၌ (၈) သာ၀တ္တိယံ–ကား–၌–ဟု အနက်ပေးသော ကြောင့်၊ ဝိဟရတိ–၌ ဩကာသကာရက။

ဝိဟရတိ–ကား ထိုဩကာသ၏ ဂ.ရိယာ။

ဝုတ္တကတ္တား–၌ (၉) ပုရိသော–ကား သည်–ဟု အနက်ပေး သောကြောင့်၊ ဂစ္ဆတိ–၌ တိဝိဘတ် အာချာတ် ဝါစကသည် ဟောအပ်သော ဝုတ္တကတ္တုဝါစ္စ။ ။ဂစ္ဆတိ–ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။

ဝုတ္တကံ–၌ (၁၀) ဂါမော–ကား ကို–ဟု အနက်ပေးသော ကြောင့်၊ ဂစ္ဆီယတေ–၌ တေ–ဝိဘတ် အာချာတ်ကြိယာသည် ဟောအပ်သော ဝုတ္တကမ္မဝါစ္စ။ ။ဂစ္ဆီယတေ–ကား ထိုကံကို ဟောသော အာချာတ်ကြိယာဝါစက ဟူ၍ စပ်လေ။

---

## ကာရက(၆)ပါး ကြိယာမှာစပ်

**နိယံ–** ကာရကခြောက်ဖြာ· စပ်အပ်ရာ· ကြိယာ တွင်သာမှတ်။

ကတ္တု– ကမ္မ– ကရဏ– သမ္ပဒါန– အပါဒါန– ဩကာသကာရက ခြောက်ပါးကို စာစပ်သောအခါ မိမိကာရကဆိုက်ရာ ယှဉ်စပ်ရာ ကြိယာ ပုဒ်တွင်သာ စပ်ရမည်မှတ်လေ။

---

## ဟိတ်, လက္ခဏ ကြိယာမှာစပ်

**နိယံ–** ဟိတ်, လက္ခဏာ၊ ဟူသည်မှာ၊ ကြိယာ တွင်သာစပ်။

ဟိတ်ပုဒ် လက္ခဏာပုဒ်များကို စာစပ်သောအခါ ကြိယာပုဒ်တွင် သာစပ်ရမည်။

---

## သာမညာဓာရ,ဝိသေသာဓာရ

**နိယံ—** အာဓာရနှစ်ဖြာ၊ ဆင့်၍လာ၊ ရှေ့မှာသာမည၊ နောက်မှာ ဝိသေသ။

ဝါကျရပ်တခု၌ အာဓာရပုဒ် နှစ်ပုဒ်ထပ်ဆင့်ပါရှိခဲ့သော် ရှေ့အာဓာရ ပုဒ်ကား သာမညတည်ရာကိုပြသည်။ နောက်အာဓာရပုဒ်ကား ဝိသေသ တည်ရာကို ပြသည်မှတ်။

**ပုံစံကား—**ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ စသည်တည်း။

**ရှင်းလင်းချက်။** သာဝတ္ထိယံ-ကား ရှေ့အာဓာရပုဒ်ဖြစ်၍ ဘုရားရှင် သာမညဘည်ရှိရာကို ပြသည်။ မှန်၏—သာဝတ္ထိမြို့၌ဟု ဆိုရကား သာဝတ္ထိမြို့တွင်းရှိ ဘုရားရှင်သီတင်းသုံးရာ ပုဗ္ဗာရုံ ကျောင်း၌လော၊ ဇေတဝန် ကျောင်း၌လော ဟူ၍ နှစ်နေရာနှစ်ဌာနနှင့် ဆက်ဆံနေသဖြင့် သာမည ဖြစ်သော နေရာဌာနဖြစ်နေသည်။

ဇေတဝနေ -ကား နောက်အာဓာရပုဒ် ဖြစ်၍ ဘုရားရှင် ဝိသေသတည်ရှိရာကို ပြသည်။ မှန်၏— ဇေတဝန်ကျောင်းတော်၌ ဆိုရကား သာဝတ္ထိမြို့တွင် ဇေတဝန်ကျောင်းတော်သည် တခုတည်းသာ ဖြစ်၍ တပါးသော နေရာဌာနနှင့် မဆက်ဆံသောကြောင့် ဝိသေသဖြစ်သော နေရာဌာနဖြစ်သည်မှတ်။

**စာစပ်ဟန်ကား။** သာဝတ္ထိယံ၊ ကား ၌- ဟု အနက်ပေးသော သတ္တမျန္တနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဟရတိ ၌ သာမညာဓာရ။

ဝိဟရတိ— ကား ဝိပုဗ္ဗ+ဟ ရဓာတ်+ကတ္တုတ္ထ အ, ပစ္စည်း + တိဝိဘတ်ဖြင့် ပြီးသောကြောင့် ထို အာဓာရ၏ကြိယာ။

ဇောတဝနေ ကား ၌- ဟု အနက်ပေးသော သတ္တမျန္တနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဟရတိ ၌ ဝိသေသာခေရ။

ဝိဟရတိ ကား ဝိ+ဟရ+အ+တိ–ဖြင့် ပြီးသော ထိုအာခေရ၏ကြိယာ။

---

## သာမညက်, ဝိသေသက်

နိယံ—ဝုတ္တံ,သန္တာယ၊ နှစ်ပါးပြမူ၊ ဝုတ္တံ-ကံကား+သာမည။ သန္ဓာယ ကံကား ဝိသေသ။

ဝါကျတရပ်တခုတည်းတွင်"ဝုတ္တံနှင့် သန္ဓာယ"ကံဟောကြိယာ နှစ်ပုဒ်ဆင့်ထုတ်ပါရှိခဲ့၍၊မိမိကြိယာပုဒ်တို့၌ စပ်ဆိုက်ရာ ကံပုဒ်များလည်း အသီးသီးပါရှိနေခဲ့ရာတွင် ဝုတ္တံ-ကြိယာ၏ ကံပုဒ်သည်အများနှင့်ဆက်ဆံသော သာမညက်ဖြစ်သည်မှတ်။

သန္ဓာယ-ကြိယာ၏ ကံပုဒ်မူကား တပါးနှင့် မဆက်ဆံထူးသော ဝိသေသက်ဖြစ်သည်မှတ်။

ပုံစံကား– ရာဇာနောတိ ဣဒံ ဗိမ္ဗိသာရံယေဝ သန္ဓာယ ဝုတ္တံ။ စသည်တည်း။

ရှင်းလင်းချက်။ ဤပုံစံ၌ ဝုတ္တံ-ဟုသောကြိယာ၏ ကံပုဒ်ကား "ရာဇာ-နောတိ ဣဒံ"တည်း။

ယင်းကံသည် ဘုရင်များတွင် အဘယ်ဘုရင်ဟု မသတ်မှတ်-အများနှင့် ဆက်ဆံနေသောကြောင့် သာမညကံမည်၏။

သန္ဓာယ—ဟူသော ကြိယာ၏ကံကား"ဗိမ္ဗိသာရံ"တည်း။ ယင်းကံသည် ရာဇာနောအရ ဤအရာဌာနတွင် တပါးသော ဘုရင်ကိုမယူရ ဗိမ္ဗိသာရမင်းကိုသာ ယူရမည်ဟု ပိုင်းခြား သတ်မှတ်ပြခြင်းကြောင့် ဝိသေသကံမည်၏မှတ်။

## ဝုတ္တကံ၊ အဝုတ္တကံ တဖန်ခွဲ။

**နိဿယ—** ဝုတ္တံ ကံကား ဝုတ္တ၊ သန္ဓာယ ကံကား၊ အဝုတ္တ။

ဝုတ္တ—ဟူသော ကြိယာ၏ကံဖြစ်သော "ရာဇာနေ့ာတိ-ဣဒံ" ပုဒ်သည်၊ ပထမာဝိဘတ်ဖြင့် ပြီးခြင်းကြောင့် ဝုတ္တ ကြိယာနှင့် အနက်အရတူရကား ဝုတ္တကံဖြစ်သည်မှတ်။

သန္ဓာယ—ဟူသော ကြိယာ၏ ကံဖြစ်သော "ဗိမ္ဗိသာရံ" ပုဒ်သည်၊ ဒုတိယာဝိဘတ်ဖြင့် ပြီးခြင်းကြောင့် သန္ဓာယ-ကြိယာနှင့် အနက်အရမတူရကား အဝုတ္တကံဖြစ်သည်မှတ်။

---

## သညာ၊ သညီ-ကတ္တား

**နိဿယ—** သညာ၊ နာမ၊ ယှဉ်ပြပုဒ်သာ၊ သည်ပေးရာ၊ သညာကတ္တားမှတ်။ ယင်း၏ရှေ့ဆီ၊ သည်ပေးပြီ၊ သညီကတ္တားမှတ်။

အမည်ဟော သညာသဒ္ဒါ၊ နာမသဒ္ဒါတို့နှင့် ယှဉ်တွဲတည်ရှိ၍ သည်၊ တို့သည်-ဟု အနက်ပေးရသောပုဒ်သည် သညာကတ္တား မည်၏။ နာမကတ္တားလည်း မည်၏။

ယင်း သညာကတ္တား၏ရှေ့၌ ကပ်လျက် တည်ရှိ၍ သည်၊ တို့သည် — ဟု အနက်ပေးရသော ပုဒ်သည် သညီကတ္တား မည်၏။ နာမီ-ကတ္တားလည်းမည်၏။

**ပုံစံကား —** (က) အာလပနေ သိ ဂသညော။
(ခ) အဋ္ဌ အက္ခရာသရာနာမ ဟောန္တိ။ စသည်တည်း။

**စပ်ဟန်ကား** (က) သိ-ကား သည်၊ ဟု အနက်ပေးသော ပထမန္တနာမ်ပုဒ် ဖြစ်သောကြောင့် ဟောတိ-၌ သညီ ကတ္တား။ ဂသညော-ကားသည်ဟုအနက်ပေးသောပထမန္တနာမ် ပုဒ်ဖြစ်သောကြောင့်၊ ဟောတိ-၌ သညာကတ္တား။

ဟောတိ-ကား ဟူ-ဓာတ်+ကတ္တု အ, ပစ္စည်း+တိ-ဝိဘတ်ဖြင့်ပြီးသော ထိုကတ္တားနှစ်ပါးကို ဟောသော အာချာတ်ကြိယာ။

(ခ) အက္ခရာ - ကား တို့သည်, ဟု အနက် ပေးသော ပထမာဗဟုဝစနန္တနာမ်ပုဒ်ဖြစ်သောကြောင့် ဟောန္တိ၌သညီကတ္တား။ သရနာမ-ကား-တို့သည်-ဟု အနက်ပေးသော ပထမာဗဟုဝစနန္တ နာမ်ပုဒ်ဖြစ်သော ကြောင့်ဟောန္တိ၌ သညာကတ္တား။

ဟောန္တိကား-ဟူ ဓာတ်+ကတ္တု-အပစ္စည်း အန္တိ ဝိဘတ်ဖြင့် ပြီးသော ထိုကတ္တား နှစ်ပါးကိုဟောသော အာချာတ်ကြိယာ။

---

### ယု,ဂ္ဂ ယှဉ်-ဆင္ဒိက်

**နိယံ–** ယု,ဂ္ဂ-နှစ်ဖြာ၊ အယှဉ်မှာ။ ကံသာ ဆဋ္ဌီမှတ်။

ယုပစ္စယန္တပုဒ်, ဏျုပစ္စယန္တပုဒ်တို့၌ ဆိုက်ထိယှဉ်စပ်ရသော အဝုတ္တကံပုဒ်ကို ဆဋ္ဌီဝိဘတ်ဖြင့် ရုပ်ပြီးစေရသည်မှတ်။

**ပုံစံကား** (က) ပါဒဿ ဥက္ခိပနံ။

(ခ) ဩဒနဿ ပါစကော။ စသည်တည်း။

**စပ်ဟန်ကား**(က) ပါဒဿ-ကား ကို,ဟု အနက်ပေးသော ဆဋ္ဌျန္တနာမ်ပုဒ်ဖြစ်သောကြောင့် ဥက္ခိပနံ-၌ ယုပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။

ဥက္ခိပနံ-ကား ဥ-ပုဗ္ဗ+ခိပ-ဓာတ်+ဘာဝတ္ထ ယု,ပစ္စည်းဖြင့် ပြီးသော ထိုကံ၏ကြိယာ။

(ခ) ဩဒနဿ-ကား ကို-ဟု အနက်ပေးသော ဆဋ္ဌျန္တနာမ်ပုဒ်ဖြစ်သောကြောင့် ပါစကော-၌ ဏျုပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။

ပါစကော-ကား ပစ-ဓာတ်+ကတ္တ ဏွုပစ္စည်းဖြင့် ပြီးသော ထိုက်၏ကြိယာ။

---

## ကာရိုက်ကံ နှင့် ဓာတ်ကတ္တား

နိယံ – ကာရိုက်ကံကား- ဓာတ်ကတ္တား- မပြား ရ တူမှတ်။

ကာရိုက်ကံနှင့် ဓာတ်ကတ္တား တို့ကား အနက်ဒြပ် အရ မကွဲမပြားကြ အတူတူပင် ဖြစ်သည်မှတ်။

ပုံစံကား။ သာမိကော ဒါသေန ကမ္မံ ကာရေတိ- စသည်တည်း။

သာမိကော၊ သည်။ ဒါသေန၊ ကျွန်ကို (ကာရိုက်ကံ) ဒါသေန၊ကျွန်သည် (ဓာတ်ကတ္တား) ကမ္မံ၊အမှုကို (ဓာတ်ကံ)။ ကာရေတိ၊ ပြုစေ၏။

(စပ်ဟန်ကား)

---

ကာရိုက်ကတ္တားစပ်ပုံ= သာမိကော-ကား သည်-ဟု အနက်ပေးသော ပထမန္တ နာမ်ပုဒ် ဖြစ်သောကြောင့်၊ ကာရေတိ-၌ ဝုတ္တ-ကာရိုက်ကတ္တား။ ။ကာရေတိ-ကား ကရ-ဓာတ်+ကာရိုက် ဏေပစ္စည်း+တိဝိဘတ်ဖြင့် ပြီးသောကြောင့်၊ ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။

ကာရိုက်ကံစပ်ပုံ= ဒါသေန-ကား ကို-ဟု အနက်ပေးသော တတိယာ ကေဝစနန္တ ဖြစ်၍ ဏေ ပစ္စည်း၏ ကံဖြစ်သောကြောင့်၊ ကာရေတိ-၌ အဝုတ္တကာရိုက်ကံ။ ။ကာရေတိ-ကား ထိုကံကို မဟောသောအာချာတ်ကြိယာ။

ဓာတ်ကတ္တားစပ်ပုံ= ဒါသေန- ကား သည်- ဟု အနက် ပေးသော တတိယာကေဝစနန္တဖြစ်၍ ကရ-ဓာတ်၏ ကတ္တားဖြစ်သော ကြောင့်၊ ကာရေတိ-၌ အဝုတ္တဓာတ်ကတ္တား။ ကာရေတိ-ကား ထိုဓာတ်ကတ္တားကို မဟောသောအာချာတ်ကြိယာ ဝါစက။

ခတ်ကံစပ်ပုံ= ကမ္မ-ကားကို-ဟု အနက်ပေးသော ဒုတိယန္တနာမ်ပုဒ်ဖြစ်၍-ကရ-ခတ်၏ ကံဖြစ်သောကြောင့်၊ ကာရေတိ-၌ အဝုတ္တခတ်ကံ။ ။ကာရေတိ-ကား ထိုခတ်ကံကို မဟောသော အာချာတ်ကြိယာ။

ဆိုလိုရင်းကား= ဒါသေန-ပုဒ်ကို ကံအနက်ပေးသောအခိုက် ကာရိုက်ပစ္စည်း၏ ကံအဖြစ်-ဏေ-၌ စပ်၍ "ကျွန်ကို+ စေ" ဟု အနက်မှတ်။

ကတ္တားအနက်ပေးသောအခိုက် ခတ်၏ ကတ္တားအဖြစ်-ကရ-ခတ်၌ စပ်၍ "ကျွန်သည်+ပြု" ဟု အနက်မှတ်။

---

## ကာရိုက်ကံ–ဝိဘတ်

နိယံ– ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ, ဆဋ္ဌီ၊ ဤသုံးလီ၊ ယှဉ်မှီ သက်မြဲမှတ်။

ယင်းကာရိုက်ကံပုဒ်၌ ဒုတိယာ, တတိယာ, ဆဋ္ဌီ ဝိဘတ် (၃)မျိုးတွင် တပါးပါးသက်ရမြဲမှတ်။

ပုံစံကား– (က) သာမိကော ဒါသံ (ကျွန်ကို) ကမ္မံ ကာရေတိ။

(ခ) သာမိကော ဒါသေန (ကျွန်ကို) ကမ္မံ ကာရေတိ။

(ဂ) သာမိကော ဒါသဿ(ကျွန်ကို)ကမ္မံ ကာရေတိ။ စသည်တည်း။

## ဒါသေန–ခတ်ကတ္တား

နိယံ– ဒါသေနဝယ်၊ နည်းနှစ်သွယ်၊ ဉာဏ်ကျယ်သူတို့ထား ဗာလာဝတာ၊ ဉာဏ်ဆရာ၊ မိန့်မှာခတ်ကတ္တား။

ဗာလာဝတ်ာရဆရာနှင့် ဉာဏ်ဆရာတို့ကား–ဒါသေန ပုဒ်သည် ခေတ်၏ ကတ္တား ဖြစ်သည်။ "ဒါသေန၊ ကျွန်သည်"ဟု အနက်ပေးရမည်ကို မိန့်ဆိုတော်မူကုန်၏။

ဒါသေန–ကာရိုက်ကံ

နိယံ– ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အမိန့်ရှိ၊ သိလေ ကာရိုက်ကံ။

ရူပသိဒ္ဓိဆရာနှင့် သဒ္ဒနီတိဆရာတို့ကား—ဒါသေန–ပုဒ်သည် ကာရိုက်ပစ္စည်း၏ကံ ဖြစ်သည်။ "ဒါသေန၊ ကျွန်ကို"ဟု အနက်ပေးရမည်ကို မိန့်ဆိုတော်မူကုန်၏။

---

### သံပေါက်နိဂုံး

နိယံ– သံပေါက်ကဗျာ၊ ရသူမှာ၊ နပ်ရှာ စာစပ်ဉာဏ်။

ဤနိဂုံးသံပေါက်ကဗျာဖြင့်– စာစပ်နိယံသံပေါက် ကဗျာပုဒ်များကို သောတုဇနတို့ ကျေညက်ပြန်လှန် အာဂုံဆောင်ရန် တိုက်တွန်းခြင်းကိုလည်းကောင်း။

ယင်းသံပေါက်ကဗျာ ကျေညက်စွာရသူတို့မှာ စာစပ်ဉာဏ် ကြွယ်ဝလျက် စာစပ်နည်းအဖြာဖြာ၌ ကျွမ်းကျင်လိမ္မာသူ ပဏ္ဍိတ်တဆူ ဖြစ်နိုင်ခြင်းကိုလည်းကောင်း။

ကဗျာရှင်သည် ဥယျောဇဉ်အတွင်း ပြုလျက်၊ သံပေါက်ကဗျာ နုတ်မှာရွရွ ကျေညက်စွာရခြင်း၏ အကျိုး ပယောဇဉ်ကို ပြတော်မူ၍ နိဂုံးကမွတ် အဆုံးသတ်တော်မူသည်။

သိမှတ်ဖွယ်ရာ အဖြာဖြာ (အခန်း-၃)ပြီး၏။

## အခန်း (၄)

### မတ္တရာဆရာတော် စာစပ်နိယံအပြေ

(က) သည်–မှာ ကတ္တား။

သည်-ဟူ၍ အနက်ပေးအပ်သည်ရှိသော်၊ ကတ္တား+ကတ္တား၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံကား–** အဟံ ဝဏ္ဏာမိ၊ စသည်တည်း။

**စပ်ဟန်ကား–** အဟံ+ကားသည်·ဟု အနက်ပေးသောကြောင့်၊ ဝဏ္ဏာမိ-၌ ဿာမိဝိဘတ်ဟူသော အာချာတ် ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား။

ဝဏ္ဏာမိ-ကား၊ ထိုကတ္တားကို ဟောသော အာချာတ် ကြိယာဝါစက။ [အကျဉ်းစပ်ဟန်တည်း]

အဟံ—ကား သည်—ဟု အနက်ပေးသော ပထမာ·ဝေဝစနန္တနာမ်ပုဒ်ဖြစ်သောကြောင့်၊ ဝဏ္ဏာမိ ၌ ဝုတ္တ·ကတ္တုဝါစ္စ။ ။ဝဏ္ဏာမိ-ကား ဝဏ-ဓာတ်+ကတ္တုတ္တ အ ပစ္စည်း+အမှုယောဂ ဥတ္တမပုရိသ် ဿာမိ-ဝိဘတ်ဖြစ်သောကြောင့်၊ ထိုပထမန္တကတ္တားကို ဟောသော အာ·ချာတ်ကြိယာဝါစက။

[မကျဉ်း=မကျယ်စပ်ဟန်တည်း]

---

[အမှာ] ယခုစပ်ပြခဲ့သည့်အတိုင်း ပုံစံပြယုဂ်တို့၌ အကျဉ်းစပ်နည်းကို ကျေညက်စွာလေ့ကျက်ရာသည်။ မကျဉ်း မကျယ်စပ်နည်းကိုမူ အောက်၌ပြဆိုခဲ့ပြီးသော သက်ဆိုင်ရာနိယံအပြေများမှ နည်းယူ၍ လေ့ကျက်ရာ၏။ ဤ၌ "စာစပ်နိယံလင်္ကာပိုဒ်"တို့၏ ဆိုလိုရင်းအဓိပ္ပာယ်နှင့် ပုံစံပြယုဂ်

ကိုသာ ထုတ်ဆောင်ပြပါသည်။ သို့မှသာလျှင် လွယ်လွယ် ကူကူ မပင်မပန်းပဲ သောတုဇနတို့ ရှင်လန်းနှစ်သက်စွာ မတ္တရာဆရာတော်၏ စာစပ်လက်ကျနှင့် အဖြေကို ဝါစုဂ္ဂတ နှုတ်ရအာဂုံ ဆောင်နိုင်ကြကုန်ရာသည်။ အချို့ထူးရာ၌သာ စပ်ပြပါမည်။

---

(ခ) ကို, သို့—ကား ကံ။

ကို-ဟူ၍, သို့-ဟူ၍ အနက်ပေးအပ်သည်ရှိသော်၊ ကံ+ကံ၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား— သုသန္တိကပ္ပံ ဝက္ခာမိ-စသည်တည်း။

---

(ဂ) ကရိုဏ်း-မှန်က၊ ဖြင့်-ပေးကြရာ။

ဖြင့်-ဟူ၍ အနက်ပေးအပ်သည်ရှိသော်၊ ကရိုဏ်း+ကရိုဏ်း၏ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား– ပါဒေန ဂစ္ဆတိ။ စသည်တည်း။

---

(ဃ) အား, ငှာ-သမ္ပဒါန်။

အား-ဟူ၍, ငှာ-ဟူ၍ အနက်ပေးအပ်သည်ရှိသော်၊ သမ္ပဒါန်+သမ္ပဒါန်၏ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား။ (က) ဘိက္ခုဿ ဒေတိ။

(ခ) သုဗုဒ္ဓံ ဝက္ခာမိ။ စသည်တည်း။

---

(င) အပါဒါန်မှာ၊ စဉ်လာမပျက်၊ မှ, အောက်, ထက်၊ တည့်။

မှ-ဟူ၍, အောက်ဟူ၍, ထက်ဟူ၍ အနက်ပေးအပ်သည်ရှိသော်၊ အပါဒါန်+အပါဒါန်၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား။ (က) ပါပါ စိတ္တံ နိဝါရယေ။

(ခ) တတော ဩမကတရော န ဝိဇ္ဇတိ။

(ဂ) ယတော ပဏီတတရော နတ္ထိ။

တနည်းကား–မှဟူ၍အနက်ပေးအပ်သည်ရှိသော်အချို့သောအရာ၌၊ အနိဿန္ဒ်နှင့် အပါဒါန်+အပါဒီ အဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား– ဥဘတော သုဇာတော ပုတ္တော–စသည်တည်း။

စပ်ဟန်ကား–ဥဘတော–ကား မှ–ဟု အနက်ပေးသောကြောင့်၊ သုဇာတော–၌အပါဒါန်။ သုဇာတော–ကား အပါဒီ။

---

(စ) ၏–ပေးကမူ၊ သမ္ဗန်ယူလော့။

၏–ဟူ၍ အနက်ပေးအပ်သည်ရှိသော် သမ္ဗန်+သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံ ကား။ ရညော ပုရိသော–စသည်တည်း။

---

(ဆ) ၌–မူအာဓာရ။

၌–ဟူ၍ အနက်ပေးအပ်သည် ရှိသော် အာဓာရ+အာဓေယ် အဖြစ်ဖြင့် စပ်အပ်၏။

ပုံ စံကား။ ဘူမိယံ ဂစ္ဆတိ–စသည်တည်း။

(ဇ) ကြောင့်–ပေးကလျှင်၊ ဟိတ်,ဓာရဏ,နိမိတ္တသာ။

(၁) ကြောင့်–ဟူ၍ အနက်ပေးအပ်သည်ရှိသော်–ဟိတ်+ဟိတ်၏ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား။ အဒ္ဒေန ဝသတိ–စသည်တည်း။

(၂) ကြောင့်–ဟူ၍ အနက်ပေးအပ်သည်ရှိသော်–ကာရဏ+ကာရဏဝန္တ အဖြစ်ဖြင့်စပ်အပ်၏။

ပုံစံကား။ စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ သံသရိံ။ စသည်တည်း။

(၃) ကြောင့်–ဟူ၍ အနက်ပေးအပ်သည်ရှိသော်–နိမိတ္တ+နိမိတ္တဝန္တအဖြစ်ဖြင့်စပ်အပ်၏။

ပုံစံကား။ နာဂေါ ဒန္တေသု ဟညတေ။ စသည်တည်း။

---

(ဈ) သဟာဒိယောဂ၊ နှင့်–ပေးကြ၏။

(၁) နှင့်–ဟူ၍ အနက်ပေးအပ်သည် ရှိသော်–သဟ–သဒ္ဒါနှင့်ယှဉ်ရာ၌၊ သဟယောဂ+သဟယောဂဝန္တ အဖြစ်ဖြင့်စပ်အပ်၏။

ပုံစံကား– သဟာပိ ဂင်္ဂေန သံဃော၊ စသည်တည်း။

(၂) နှင့်–ဟူ၍အနက်ပေးအပ်သည်ရှိသော်–အချို့အရာ၌–သဟာဒိယောဂ+သဟာဒိယောဂဝန္တအဖြစ်ဖြင့်စပ်အပ်၏။

ပုံစံကား။ ဘိက္ခုသံဃေန သဒ္ဓိံ၊ စသည်တည်း။

(၃) နှင့်–ဟူ၍အနက်ပေးအပ်သည်ရှိသော်–အချို့အရာ၌–သဟတ္ထ+သဟတ္ထဝန္တအဖြစ်ဖြင့်စပ်အပ်၏။

ပုံစံကား။ ဒေဝဒတ္တော ကောကာလိကေန ဂစ္ဆတိ စသည်တည်း။

(ည) နိဒ္ဒါရဏ တို့တွင်။

တို့တွင်ဟူ၍ အနက်ပေးအပ်သည်ရှိသော်- နိဒ္ဒါရဏ-နိဒ္ဒါရဏီယ အဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား–ဂါဝီနံ ကဏှာ သမ္ပန္နခီရတမာ၊ စသည်တည်း။

---

(ဋ) သော-လျှင်တုလျှ၊ ဝိသေသာတည်း။

သောဟူ၍ အနက်ပေးအပ်သည်ရှိသော်- တုလျှဓိကရဏ ဝိသေသန+တုလျှဓိကရဏဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား–မဟန္တော ပုရိသော၊ စသည်တည်း။

---

(ဌ) ဘိန္န-အားဖြင့်။

အားဖြင့်–ဟူ၍ အနက်ပေးအပ်သည်ရှိသော်– ဘိန္နာဓိကရဏ ဝိသေသန+ဘိန္နာဓိကရဏဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား–တပသာ ဥတ္တမော၊ စသည်တည်း။

(၃) အားဖြင့်, တဖြာ,၊ စွာ,၍,ရကား၊ လျော်က်, ကားတချက်၊ လျက်,ကားတတန်၊ စပ်ရန်ကြိယာ၊ ဝိသေသာတည်း။

(၁) အားဖြင့်–ဟူ၍ အနက်ပေးအပ်သည်ရှိသော်- အချို့ အရာ၌၊ ကြိယာဝိသေသန+ကြိယာဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား–စတုခေ,ဠှိတာ၊ စသည်တည်း။

အနက်ကား–စတုခေ၊ လေးပါးအပြားအားဖြင့်၊ ဌိတာ၊ တည်ကုန်၏။

(၂) စွာ–ဟူ၍ အနက်ပေးအပ်သည်ရှိသော်– ကြိယာ ဝိသေသန+ကြိယာဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား–မုဒုံ ပစတိ၊ စသည်တည်း။

(၃) ၍-ဟူ၍လည်းကောင်း၊ ရကား-ဟူ၍လည်းကောင်း အနက်ပေးအပ်သည်ရှိသော် - ကြိယာဝိသေသန+ ကြိယာဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား- ဒသောဿေဌာ အာဟ၊ စသည်တည်း။

(၄) လျောက်-ဟူ၍ အနက်ပေးအပ်သည်ရှိသော်-ကြိယာ ဝိသေသန+ကြိယာဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား- ယထာရုဟံ ဒဋ္ဌဗ္ဗံ၊ စသည်တည်း။

အနက်ကား-ယထာရုဟံ၊ ထိုက်သည်အလျောက်။ ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

(၅) လျက်-ဟူ၍ အနက်ပေးအပ်သည်ရှိသော်- ကြိယာ ဝိသေသန+ကြိယာဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား- ခမ္ဘကတော န ဂမိဿာမိ၊ စသည်တည်း။

[ အမှာ ] ခမ္ဘကတေန န ဂန္တဗ္ဗံ။ ခါးထောက်ဆဖြင့် မသွားသင့်။ ဌလည်း........နည်းတူစပ်လေ။

---

(ဃ) ၍-မှာပုဗ္ဗ၊ ကာလကြိယာ၊ အပရာ, သမာန။

(၁) ပြီး၍-ဟု အနက်ပေးအပ်သည် ရှိသော်- ပုဗ္ဗကာလ ကြိယာဝိသေသန +အပရကာလ ကြိယာဝိသေသန အဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား။ အဘိဝါဒိယ ဘာသိသံ၊ စသည်တည်း။

(၂) တွာ-ပစ္စည်းကို အနာဂတ်ကာလ၌ စီရင်အပ်သည်ရှိ သော်- အပရကာလ ကြိယာဝိသေသန+ပုဗ္ဗကာလ ကြိယာဝိသေသျ အဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံကား။** ဒွါရံ ပိဒဟိတွာ နိက္ခမတိ-စသည်တည်း။

အနက်ကား။ ဒွါရံ၊ ကို။ ပိဒဟိတွာ၊ ပိတ်လတ္တံ့၍။
နိက္ခမတိ၊ ထွက်၏။

**စပ်ဟန်ကား–** ပိဒဟိတွာ၊ ကား။လတ္တံ့၍-ဟုအနက်ပေးသောကြောင့် နိက္ခမတိ-၌ အပရကာလ ကြိယာဝိသေသန။ နိက္ခမတိ၊ ကား။ ပုဗ္ဗကာလကြိယာ ဝိသေသျ။

(၃) တွာ-ပစ္စည်းကို ပစ္စုပ္ပန်ကာလ၌ စီရင်အပ်သည်ရှိသော် သမာနကာလ ကြိယာဝိသေသန + သမာနကာလ ကြိယာဝိသေသျ-အဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံကား။** သူရိယော တမံ ဟန္ဒွာ ဥဒေတိ၊ စသည်တည်း။

**အနက်ကား–** သူရိယော၊ သည်၊ တမံ၊ ကို။ ဟန္ဒွာ၊ ပယ်ဖျောက်၍ (ဝါ)ပယ်ဖျောက်လျက်။ ဥဒေတိ၊ တက်၏။

**စပ်ဟန်ကား–** ဟန္ဒွာ၊ ကား ၍, လျက်-ဟု အနက်ပေးသောကြောင့် ဥဒေတိ၌ သမာနကာလ ကြိယာဝိသေသန။ ဥဒေတိ ကား။ သမာနကာလ ကြိယာဝိသေသျ။

(ဏ) သော်-ပေးကမူ၊ မှတ်ယူလက္ခဏာ။

သော်-ဟူ၍ အနက်ပေးအပ်သည် ရှိသော်=လက္ခဏာ, လက္ခဏဝန္တ။လက္ချ,လက္ချဝန္တ-အားဖြင့် လေးပါးသော အနက်တို့ကို ရကုန်၏။ ထိုလေးပါးတို့တွင်—

လက္ခဏာဝန္တ–ကို လက္ခဏကြိယာ-၌ စပ်အပ်၏။

လက္ချဝန္တ–ကို လက္ချကြိယာ-၌ စပ်အပ်၏။

**ပုံစံကား**–(က) ဘိက္ခုသု ဘောဇိယမာနေသု ဂတော ပုရိသော။
(ခ) ပရသမညာ ပယောဂေ။ **စသည်တည်း။**

**စပ်ဟန်ကား**–(က) ဘိက္ခုသု- ကား တို့ကိုဟု အနက်ပေးသော ကြောင့် ဘောဇိယမာနေသု-၌ လက္ခဏဝန္တကံ။ ဘောဇိယမာ နေသု–ကား လက္ခဏကြိယာ။

ဘောဇိယမာနေသု–ကား သော်-ဟု ပေးသောကြောင့်ဂတော- ၌ လက္ခဏကြိယာ။ ဂတော–ကား လက္ချကြိယာ။

ပုရိသော–ကား သည်ဟု ပေးသောကြောင့်၊ဂတော-၌လက္ချဝန္တ ကတ္တား။ ဂတော–ကား လက္ချကြိယာ။

(ခ) ပယောဂေ–ကား သည်ဟုပေးသောကြောင့်....သတိ-၌လက္ခဏ ဝန္တကတ္တား။ သတိ-ကား လက္ခဏကြိယာ။

သတိ–ကား သော်-ဟု ပေးသောကြောင့်....ယုဇ္ဇန္တေ-၌ လက္ခဏကြိယာ။ ယုဇ္ဇန္တေ-ကား လက္ချကြိယာ။

ပရသမညာ–ကား တို့ကိုဟု ပေးသောကြောင့်....ယုဇ္ဇန္တေ- ၌ လက္ချဝန္တ ကတ္တား။ ယုဇ္ဇန္တေ-ကား လက္ချကြိယာ။

---

(တ) ဟူ၍–ပါက၊ အာကာရတည်း။

ဟူ၍–ဟု အနက်ပေးအပ်သည်ရှိသော်–အာကာရ+ အာကာရဝန္တအဖြစ်ဖြင့် စပ်အပ်၏။

**ပုံစံကား။** အံက္လတိ နိဂ္ဂဟိတံ–စသည်တည်း။

(ထ) အစ္စန္တသံယောဂ၊ မည်ရခေါ်နှုန်း၊ မြန်မာထုံးကို၊ ပတ်လုံးကာလ၊ အဒ္ဓ-တိုင်တိုင်၊ စပ်ဆိုင်အကြောင်း။

(က) ပတ်လုံး-ဟူ၍ အနက်ပေးအပ်သည်ရှိသော်-ကာလ အစ္စန္တသံယောဂ+ ကာလအစ္စန္တသံယောဂဝန္တအဖြစ် ဖြင့် စပ်အပ်၏။

ပုံစံကား— မာသံ မံသောဒနံ၊ စသည်တည်း။

(ခ) တိုင်တိုင်-ဟူ၍ အနက်ပေးအပ်သည် ရှိသော်-အဒ္ဓါ-အစ္စန္တသံယောဂ+ အဒ္ဓါအစ္စန္တသံယောဂဝန္တ အဖြစ် ဖြင့် စပ်အပ်၏။

ပုံစံကား— ယောဇနံ ဝနရာဇိ-စသည်တည်း။

---

(ဒ) လည်းကောင်း၊ သရူပ+သရူပဝန္တ။ လည်းကောင်း-ဟူ၍ အနက်ပေးအပ်သည်ရှိသော်

-သရူပ+သရူပဝန္တအဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား— ကာမာဝစရဉ္စ ရူပါဝစရဉ္စ အရူပါဝစရဉ္စ လောကုတ္တရဉ္စာတိ စတုဗ္ဗိဓံ ဟောတိ-စသည်တည်း။

စပ်ဟန်ကား- ကာမာဝစရဉ္စ(လ) လောကုတ္တရဉ္စ-တို့ကား-လည်း ကောင်း-ဟု အနက်ပေးသောကြောင့်၊ ဣတိ-၌ သရူပ+ဣတိ-ကား-သရူပဝန္တ။

( ဓ ) ဤသို့-ပါက၊ နိဒဿန။

ဤသို့-ဟု အနက်ပေးအပ်သည် ရှိသော်-နိဒဿန+ နိဒဿ-တဗ္ဗ-အဖြစ်ဖြင့် စပ်အပ်၏။

ပုံစံကား- ကာမာဝစရဥ္စ(လ)လောကုတ္တရဥ္စာတိ စတုဗ္ဗိဓံ ဟောတိ- စသည်တည်း။

စပ်ဟန်ကား- ဣတိ-ကား ဤသို့-ဟု အနက်ပေးသောကြောင့်၊ ဟောတိ-၌ နိဒဿန။

ဟောတိ-ကား နိဒဿေတဗ္ဗ။

---

( န ) တုလျတ္ထ-မှာ၊ တည်း-ဟုလာ၏။

အဆုံး၌ ကြိယာမသတ်ဟူ၍"တည်း"ဟု အနက်ပေး အပ်သည်ရှိသော် တုလျတ်+လိင်္ဂတ် အဖြစ်ဖြင့် စပ် အပ်၏။

ပုံစံကား- ယော နော သတ္ထာ-စသည်တည်း။

---

( ပ ) အို-မှာအာလုပ်၊ ခပ်ရန်ထုတ်သည်၊ ဆောင်ပုဒ်လကာ် နိဒါန်းတည်း။

အို-ဟူ၍ အနက်ပေးအပ်သည်ရှိသော်-တပါးသောပုဒ် တို့နှင့်မစပ်အပ်။ သဇီဝအာလုပ်, နိဇ္ဇီဝအာလုပ်အားဖြင့်- နှစ်ပါးသော ပုဒ်တို့ကို စပ်အပ်၏။

ပုံစံကား။ ဘော ပုရိသ။ ဘော သေလ စသည်တည်း။

ဤ၌-ဘောပုရိသ-ကား-သဇီဝအာလုပ်။

ဘောသေလ(အို-ကျောက်)ကား- နိဇ္ဇီဝအာလုပ်။

## (ဗ) ဝုတ္တ, အဝုတ္တခွဲနည်း

သည်–ဟူ၍ပေးသောအနက်သည် ကတ္တားမည်၏။ ထို ကတ္တားသည်–ဝုတ္တကတ္တား, အဝုတ္တကတ္တားအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်—

(က) ကြိယာသည် ဟောအပ်သည်ဖြစ်၍ ခေတ်,ပစ္စည်း နှစ်ပါးလုံး၌ စပ်အပ်သော ပထမာဝိဘတ် အဆုံးရှိသော ကတ္တားသည်–ဝုတ္တကတ္တားမည်၏။

ပုံစံကား– ပုရိသော ဩဒနံ ပစတိ စသည်တည်း။

(ခ) ကြိယာသည် မဟောအပ်သည်ဖြစ်၍ ခေတ်၌သာ စပ်အပ်သော တတိယာဝိဘတ် အဆုံးရှိသောကတ္တားသည် အဝုတ္တကတ္တားမည်၏။

ပုံစံကား– ပုရိသေန ဩဒနော ပစ္စတေ စသည်တည်း။

ကို – ဟူ၍လည်းကောင်း၊ သို့ – ဟူ၍လည်းကောင်း ပေးအပ်သော အနက်သည် ကံမည်၏။ ထိုကံသည် ဝုတ္တကံ, အဝုတ္တကံအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်—

(က) ကြိယာသည် ဟောအပ်သည်ဖြစ်၍ ခေတ်, ပစ္စည်းနှစ်ပါး လုံး၌ စပ်အပ်သော ပထမာဝိဘတ်အဆုံးရှိသော ကံသည် ဝုတ္တကံမည်၏။

ပုံစံကား– ပုရိသေန ဩဒနော ပစ္စတေ စသည်တည်း။

(၁) ကြိယာသည် မဟာအပ်သည်ဖြစ်၍ ခတ်၌သာစပ်အပ် သောဒုတိယာဝိဘတ်အဆုံးရှိသော ကံသည် အဝုတ္တကံမည်၏။

ပုံစံကား– ပုရိသော ဩဒနံ ပစတိ စသည်တည်း။

---

ဝုတ္တ, အဝုတ္တခွဲနည်းပြီး၏

မတ္တရာဆရာတော် စာစပ်နိယံအဖြေပြီး၏

---

[အမှာ] မတ္တရာဆရာတော်၏ စာစပ်နိယံလင်္ကာနှင့် အဖြေအကျဉ်းကို ပုံစံနှင့်တကွ နှုတ်ရအာဂုံဆောင်ကုန်သော သောတုဇနတို့ သည် စာစပ်အရာ လိမ္မာကျွမ်းကျင် ပညာရှင်များဖြစ်ကြကုန် လတ္တံ့။ ဆောင်လွယ် မှတ်လွယ် ကျက်ရလွယ်အောင် စနစ် သစ်တွင် စီစဉ်ထားခြင်း ဖြစ်ပါသည်။

# အချီးစကား

ပါဠိဘာသာ၌ ကျကျနန တတ်မြောက်ရန်မှာ မလွယ်ကူသလို မြန်မာဘာသာ မြန်မာစာပေ၌ ကျနစွာတတ်မြောက်ရေးမှာလည်း မလွယ်ကူလှပေ။ ပိဋကသုံးသွယ် နိကာယ်များကို ကျမ်းပေါက်သင်ဖူးရုံမျှနှင့် ပါဠိစာပေတတ်မြောက်ပြီဟု မဆိုရဘိသကဲ့သို့—

မြန်မာလူမျိုးဖြစ်၍ မြန်မာစကားတတ်ရုံမျှနှင့် မြန်မာဘာသာ, မြန်မာစာပေ၌ ကျွမ်းကျင် တတ်မြောက်ပြီဟု မဆိုနိုင်ပေ။

စာပေအရေးအသား အစီအကုံး အနှုန်းအဖွဲ့နှင့် ရေးထုံး, ပေါရာဏများကို လေ့လာသင်ကြား ဆည်းပူးမှသာလျှင် တတ်မြောက်နိုင်ပေသည်။

ယင်းသို့လေ့လာရာမှာလည်း မြန်မာဘာသာ မြန်မာစကား မြန်မာစာပေတို့၏ ရင်းမြစ်မှာ အများအားဖြင့် မွန်ဘာသာ, ပါဠိဘာသာ, သက္ကတဘာသာတို့ပင်ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ပေ။

သို့ဖြစ်၍—မြန်မာဘာသာ စာစပ်နည်းကို သင်ယူလေ့ကျက်ရာ၌ ပါဠိစာပေမှ နှီးနွယ်ပေါက်ပွားလာသော "နာမ်ပုဒ်, ကြိယာပုဒ်, ကာရကဝိဘတ်, ကြိယာဝိသေသန, ပဒါလင်္ကာရ, ပဒပူရဏ" အကြောင်းများကို မြန်မာဘာသာ ဝေါဟာရအားဖြင့် မည်သို့မည်ပုံ ပရိယာယ်စကား လှယ်ထားသုံးစွဲခြင်းများကို ဦးစွာပထမ ခွဲခြားသိရှိထားရပေမည်။

သို့မှသာလျှင်—ဝါကျရပ် တခုအတွင်း၌ ပုဒ်အသီးသီးသည် တပုဒ်နှင့် တပုဒ် မည်သို့ဆက်စပ်သည်။ မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ် မည်သို့ဆက်သွယ်သည်။ သက်ဆိုင်သည် စပ်ယှဉ်သည်များကို အလွယ်တကူသိမြင်နိုင်ပြီး မြန်မာစကားသုံး ဝါကျများ၌သာမက မြန်မာစာပေခေါ် ပျို့ ကဗျာ လင်္ကာ, ရတု, ရကန်-စသည်တို့၌ပါ စာသွားစာလာ အစပ်အဟပ်များကို နားလည်နိုင်မည်ဖြစ်၍၊ ယင်းကျမ်းစာကြီး၏ ဆိုလိုရင်း အဓိပ္ပာယ်များကို ရှင်းလင်းစွာ ကောက်ယူနိုင်မည် ဖြစ်သည်။

ယင်းအဆင့်သို့ ရောက်မှသာလျှင် " မြန်မာစာပေအရေးအသားတော်စေခြင်း" ဟူသော ပရိယတ္တိ ပညာရေးစီမံကိန်း သင်ကြားရေးမှုနှင့် အံဝင်ဂွင်ကျ ဖြစ်နိုင်ပါမည်။

သို့ဖြစ်သောကြောင့် ဤမြန်မာသဒ္ဒါ စာစပ်နည်း အခန်း (၅) တွင် မြန်မာဘာသာ မြန်မာစကား, မြန်မာစာပေ ပျို့ကဗျာ လင်္ကာများကို စာစပ်ရာ၌ ရှေးဦးစွာ သိထားထိုက်သော နာမ်ပုဒ်, ကြိယာပုဒ်, နိပါတ်, ဥပသာရ, ဝိဘတ်-တို့၏ အကြောင်းများကို ပြယုဂ်ပုံစံ, စာစပ်ဟန်များနှင့်တကွ ရှင်းလင်းတင်ပြပါမည်။ ထို့ပြင် ပျို့ကဗျာ လင်္ကာ ဇာတ်ဝတ္ထုတို့မှ ကောက်နုတ်၍ စာစပ်ပုံနမူနာ လေ့ကျင့်ခန်းအဖြစ် တင်ပြပါအံ့။ အလားတူ ပုံစံမျိုးဖြင့် လေ့ကျက်ကြပါကုန်လော (ဝါ) လေ့ကျက်ကြကုန်ရာသည်။

## အခန်း (၅)

## မြန်မာဘာသာ စာစပ်နည်း

### မြန်မာဘာသာနှင့် ပုဒ်လေးမျိုး

မြန်မာဘာသာဝေါဟာရ–၌

(၁) ဆင်, မြင်း, ကျွဲ, နွား, လူ-အစရှိသောသဒ္ဒါသည် "နာမ်ပုဒ်" မည်၏။

(၂) ပြော၏၊ သွား၏၊ စား၏၊ အိပ်၏၊ နေ၏– အစရှိသော သဒ္ဒါသည် "အာချာတ်ပုဒ်" မည်၏။

(၃) ဥပသာရပုဒ်၏ ပရိယာယ် လှယ်ဖက်ဖြစ်ကောင်းသော "လွန်ကဲ, ထူးကဲ, ရှေးရှု," အစရှိသောသဒ္ဒါသည် ဥပသာရပုဒ်မည်၏ (ကြိယာ၏ အနက်ကိုအထူးပြုတတ်သော သဒ္ဒါများဖြစ်သည်)။

(၄) နိပါတ်ပုဒ်၏ ပရိယာယ် လှယ်ဖက်ဖြစ်ကောင်းသော "စင်စစ် လည်း, သို့" အစရှိသော သဒ္ဒါသည် နိပါတ်ပုဒ်မည်၏။ (ဒြပ်ကို မဟောတတ် ထွန်းတတ်ကာမျှ ဖြစ်သော သဒ္ဒါများဖြစ်သည်)။

## နာမ်ပုဒ်များအကြောင်း

### "မုချသဒ္ဒါနှင့် ဥပစာသဒ္ဒါ

(၁) မုချဆတ်ဆတ် အနက်ကိုဟောသော သဒ္ဒါသည် မုချသဒ္ဒါမည်၏။

ပုံစံကား။ မြစ်၌ ရေချိုး၏။

(၂) တင်စားအပ်သော အနက်ကို ဟောသောသဒ္ဒါသည် ဥပစာ သဒ္ဒါမည်၏။

ပုံစံကား။ မြစ်၌ ကောက်ပင် စိုက်ပျိုး၏။

### မြန်မာဘာသာ မုချသဒ္ဒါ (၅)မျိုး

(၁) မြန်မာဒဗ္ဗသဒ္ဒါ

သံဝရပျို့တွင် "လက်သုံးဓားစွဲ၊ အထဲတုံ့ဆက်၊ တိုင်ပင်ဘက်နှင့်" ဟုစပ်ရာ၌။ "ဓားစွဲ" ဟူသော သဒ္ဒါသည် ဓားဒြပ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ဓားထမ်း ယောကျာ်းဒြပ်ကို ဟောသောကြောင့် "ဒဗ္ဗ" သဒ္ဒါမည်၏။

(၂) မြန်မာဂုဏသဒ္ဒါ။

တောင်ငူ-နတ်သျှင်နောင်ရတုတွင် "စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို" ဟု စပ်ဆိုရာ၌ စိမ်းဝါ-သဒ္ဒါသည် စိမ်းဝါသော အဆင်းတည်းဟူသော ဂုဏ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ပန်းဒြပ်ကို ဟောသောကြောင့် "ဂုဏ" သဒ္ဒါမည်၏။

(၃) မြန်မာကြိယာသဒ္ဒါ

ဇေယျရန္တမိတ်ဆိုရတုတွင် " မှောင်တိဝေမိုက်၊ မှိုင်းစဉ်ကြိုက်ဝယ်၊ တိမ်တိုက်လေးကျွန်း၊ တက်နေ ထွန်းသို့" ဟု စပ်ဆိုရာ၌၊ ထွန်းသဒ္ဒါသည် ထွန်းပခြင်း ကြိယာကို အကြောင်းပဝတ္တနိမိတ်ပြု၍ ထွန်းပ တတ်သော နေဒြပ်ကို ဟောသောကြောင့် ကြိယာ သဒ္ဒါမည်၏။

(၄) မြန်မာနာမသဒ္ဒါ။

နဝဒေးဆို ရတုတွင် "စံမြောက်ရင်ပြောင်း၊ လှော်ရွှေမောင်းသို့၊ ရှင်နှောင်းမည်ရင်း၊ မြတ်စိုး မင်းသည်၊ချစ်ခြင်းနှောင်နှင့် တူစေသော" ဟုစပ် ဆိုရာ၌၊နှောင်းသဒ္ဒါသည် နှောင်းဟူသောအမည် နာမကိုအကြောင်းပဝတ္တနိမိတ်ပြု၍၊ နှောင်းအမည် ရှိသောမိန်းမဒြပ်ကို ဟောသောကြောင့်"နာမ"သဒ္ဒါ မည်၏။

(၅) မြန်မာဇာတိသဒ္ဒါ

တောင်ငူမင်းဆိုရတုတွင် "ကြောင့်ကြဖြေချတ်၊ ငြိမ်းစေတတ်ဟု၊ လူနတ်ယုံကြည်၊ ကျော်စောရည် ထက်၊ ပျော်သည်လွန်ကြူး၊ ဆယ်ဆထူး၏" ဟုစပ် ဆိုရာ၌၊ နတ်သဒ္ဒါသည် နတ်ခြင်းတူသောအခြင်းအရာ ဇာတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ နတ်ဒြပ်ကို ဟောသောကြောင့် "ဇာတိ" သဒ္ဒါမည်၏။

---

မြန်မာဘာသာ ဥပစာရ သဒ္ဒါ(၁၀)မျိုး

(၁) မြန်မာဘာသာ ကာရဏူပစာ

မနော်ဟာရီတွင် "ပန်းမာလ်များကို၊ ထွေပြား မျက်စိ၊ မြင်သည်ရှိသော်"ဟု စပ်ဆိုရာ၌။အကြောင်း

ဖြစ်သော စက္ကူပြသာဒ၏ မျက်စိဟူသော အမည်ကို အကျိုးဖြစ်သော စက္ကူဝိညာဉ်၌ တင်စား၍ ခေါ်ဝေါ်သောကြောင့်–မျက်စိဟူသော ဝေါဟာရသည် ကာရဏူပစာ မည်၏။

"သလိပ်သည်ပင် တင်လဲမည်၏"ဟုဆိုရာ၌လည်း အကျိုးဖြစ်သော သလိပ်၌ အကြောင်းတင်လဲအမည် တင်စား၍ ခေါ်သောကြောင့်၊ တင်လဲသဒ္ဒါသည်–ကာရဏူပစာမည်၏။

---

(၂) မြန်မာဘာသာ ဖလူပစာ

"ထမင်းကိုချက်၏" ဆိုရာ၌ အကျိုးထမင်းဒြပ် အမည်ကို အကြောင်းဆန်၌ တင်စား၍ ဆန်ကိုထမင်းဟု ခေါ်သော ဝေါဟာရသည် ဖလူပစာ မည်၏။

ရထားကိုလုပ်၏၊ အိမ်ကိုဆောက်၏။ ပုဆိုးကိုရက်၏....ဟုဆိုရာတို့၌လည်း ယင်းနည်းအတူ ဖလူပစာမည်၏။

---

(၃) မြန်မာဘာသာ သဒိသူပစာ

တောင်ငူမင်းဆို ရတုတွင်"နားတော်မည္ဘတ်၊ဆင်းကြာနတ်သည်၊ နွတ်လွတ်မပါ၊ မြွက်သောကြောင့်"၊ ဟုစပ်ဆိုရာ၌၊ ကြာနတ်၏ အမည်ကို လူချင်းတူသော မင်းသမီး၌ တင်စားခေါ်သောကြောင့်"သဒိသူပစာ" မည်၏။

လူမိုက်မဲသည်ကို "လူ့နွား"ဟုဆိုရာ၌၊ မိုက်မဲခြင်းနွား၏အမည်ကိုလူ၌တင်စား၍ခေါ်သောကြောင့် နွားဟူသော ဝေါဟာရသည် "သဒိသူပစာ" မည်၏။

(၄) မြန်မာဘာသာ ဌာနူပစာ

တောင်ငူမင်းဆိုရတုတွင် "ဥကင်သနန်း လွှတ်ညာခွန်းကို၊ ရေသွန်းပျံ့ကြိုင်၊ မဥ္ဇူခိုင်နှင့်"ဟု စပ်ဆိုရာ၌၊ ဌာနဖြစ်သော လွှတ်ညာခွန်း၏ အမည်ကို ဌာနီဖြစ်သော သကျမဥ္ဇူဘုရား၌ တင်စား၍ ခေါ်သောကြောင့်"လွှတ်ညာခွန်း" ဝေါဟာရသည်ဌာနူပစာမည်၏။

ပုဂံလာ၏။ ပုခန်းလာ၏–ဟုဆိုရာ၌ ဌာနဖြစ်သော ပုဂံမြို့၊ ပုခန်းမြို့၏အမည်ကို ဌာနီ=ပုဂံသား, ပုခန်းသားလူ၌တင်စားခေါ်သောကြောင့် "ပုဂံ, ပုခန်း"ဝေါဟာရသည် ဌာနူပစာမည်၏။

(၅) မြန်မာဘာသာဌာနျူပစာ

"လှံဝင်စေ, သေနတ်ဝင်စေ" ဆိုရာ၌ ဌာနီလှံ, သေနတ်တို့၏ အမည်ကို ဌာနဖြစ်သော လှံကိုင်, သေနတ်ကိုင် လူ၌တင်စား၍ "လှံကိုင်,သေနတ်စွဲကို"လှံ,သေနတ်ဟုခေါ်သောကြောင့် ဌာနျူပစာမည်၏။

(၆) မြန်မာဘာသာ ဂုဏူပစာ

တောင်ငူမင်းဆိုရတုတွင် "အဖြူ အပြာ၊ အဝါတချို့၊ မိုးပန်းတို့လည်း"ဟု စပ်ဆိုရာ၌ ဂုဏ်ဖြစ်သော အဖြူ အပြာ အဝါအဆင်းတို့၏ အမည်ကို ဂုဏေးဖြစ်သော ပန်းဒြပ်၌ တင်စားခေါ်သောကြောင့်–ဂုဏူပစာမည်၏။

"ပုဆိုးညို, ပုဆိုးဖြူ"ဆိုရာ၌ ဂုဏ်ဖြစ်သော ညို,ဖြူ–အဆင်း၏ အမည်ကို ဂုဏေးပုဆိုး၌ တင်စား၍ ပုဆိုးဒြပ်ကိုပင် ညိုသည် ဖြူသည်–ဟု ခေါ်ဝေါ်သောကြောင့် အညို–အဖြူ–ဝေါဟာရသည် ဂုဏူပစာမည်၏။

(၇) မြန်မာဘာသာ ကေဒေသူပစာ

ဘုံခန်းတွင်"ထိုသို့ပြတုံ၊ ဗိမာန်ဘုံကို၊ လုပ်မှိုင်ငင်၊ ငမ္ဗူပြင်ဝယ်၊ အရှင်လတ်လတ်၊ စက်နှယ်ဖြတ်သွား၊ မင်းမြတ်ကျော်စွာ၊ မြင်သောခါလျှင်"ဟု စပ်ဆိုရာ၌၊ ဗိမာန်တဆောင်လုံး၏ အမည်ကို နေမိမင်းကြီး မျက်စိဖြင့် မြင်ကောင်းသော ဗိမာန်၏တစိတ်၌ တင်စား၍ ခေါ်ဝေါ်သောကြောင့်-ဗိမာန်ဟူသော ဝေါဟာရသည် ကေဒေသူပစာမည်၏။

မြစ်ကိုပင်မြင်၏, တောင်ကိုပင်မြင်၏ - ဆိုရာ၌ တမြစ်လုံး, တတောင်လုံးကို မမြင်နိုင်။ တစိတ်ကိုသာမြင်နိုင်သည်။ သို့ဖြစ်လျက်-အပေါင်းဖြစ်သော တမြစ်လုံး, တတောင်လုံး၏ အမည်ကို မျက်စိမြင်ကောင်းသော မြစ်တစိတ်, တောင်တစိတ်၌ တင်စား ခေါ်ဝေါ်သောကြောင့်-မြစ်ဟူသော, တောင်ဟူသောဝေါဟာရသည်-ကေဒေသူပစာမည်၏။

---

(၈) မြန်မာဘာသာ သမီပူပစာ

ပဲခူးမိဖုရားဆိုရတုတွင် "ပြည်ဆံတော်စစ်၊ မြတ်ရှင်ချစ်ကို၊ ဖြစ်သစ်ဖြစ်ဟောင်း၊ ပေါင်း၍ကြိမ်ခေါက်၊ ကျွန်ုပ်လျှောက်အံ့"ဟု စပ်ဆိုရာ၌၊ ပြည်မြို့အမည်ကို အနီး၌ဖြစ်သော ဆံတော်ရှင်တည်ရာ သုဒ္ဓဿနတောင်ထိပ်၌ တင်စား၍ သုဒ္ဓဿနတောင်ထိပ်ကို "ပြည်"ဟူ၍ ခေါ်ဝေါ်သောကြောင့်-ပြည်ဟူသော ဝေါဟာရသည်-သမီပူပစာမည်၏။

---

(၉) မြန်မာဘာသာ တဒ္ဓမ္မူပစာ

"မိန်းမပြုံသား"ဆိုရာ၌ သားဖွားသော မိန်းမတို့၏ ထင်ရှားရှိသော သား၏အမည်ကို ထင်ရှားမရှိသော မိန်းမပြုံသား၌

တင်စား၍ ခေါ်ဝေါ်သောကြောင့်"သား"ဟူသောဝေါဟာရသည် တဒ္ဓမ္မူပစာမည်၏။

ယုန်ချိ–လိပ်မွေး, ပုဇွန်သွေးဆိုသည်များလည်းယင်းနည်းတူ တဒ္ဓမ္မူပစာမည်၏။

---

(၁၀) မြန်မာဘာသာ ဘေဒူပစာ

"ငါ၏ကိုယ်"ဆိုရာ၌ ငါမှတပါး ကိုယ်ဟူ၍ အပြားမရှိပဲ ကိုယ်ပြားသကဲ့သို့ ဆိုသောကြောင့် "ငါ၏"ဟူသော ဝေါဟာရသည် ဘေဒူပစာမည်၏။

---

[မှတ်ချက်] သဒိသူပစာနှင့် ဂုဏူပစာများကို ပျို့ကဗျာလင်္ကာတို့၌ အသုံးများသည်။

နာမ်ပုဒ်အကြောင်းပြီး၏။

---

## ကြိယာပုဒ်အကြောင်း

ပါဠိဘာသာ၌ ကရဏံ, ကတံ, ကာတဗ္ဗံ-စသော ကိတ်ပစ္စယန္တ ပုဒ်များကို ကိတ်ကြိယာခေါ်၍ ကရောတိ, ဂစ္ဆတိ, ပစတိ-စသော အာချာတဝိဘတျန္တ ပုဒ်များကို အာချာတ်ကြိယာ-ဟုခေါ်သည်။

မြန်မာဘာသာ၌မူကား –

(၁) ကြိယာရင်း၊

(၂) နာမ်ပေါင်းကြိယာ၊

(၃) ကြိယာပေါင်းကြိယာ-ဟူ၍ (၃)မျိုး ရှိသည်။

၁။ ကြိယာရင်း

ကြိယာရင်းဟူသည်မှာ "သွားသည်။ လာသည်။ ပြောသည်။ ဆိုသည်။ နေသည်။ ထိုင်သည်။ အိပ်သည်။ စားသည်။ ပူဇော်သည်။ လှူဒါန်းသည်" အစရှိသော မူလကြိယာရင်း သက်သက်ဖြစ်၍ နာမ်ပုဒ်လည်း အပိုမပါ။ လုံးထပ်ကြိယာပုဒ်လည်း အပိုမပါသော ကြိယာများပင် ဖြစ်ကြသည်။

၂။ နာမ်ပေါင်းကြိယာ

နာမ်+ကြိယာ=နာမ်ပေါင်းကြိယာဟူသည်မှာ နာမ်ပုဒ်နှင့် ကြိယာပုဒ် ပေါင်းစပ်ပြီး ဖြစ်လာသော ကြိယာပုဒ်များ ဖြစ်ကြသည်။ ယင်းတို့ကား—

ထမင်းချက်သည် (ထမင်း+ချက်သည်) ထမင်းကိုချက်သည်။

ရေသောက်သည် (ရေ+သောက်သည်) ရေကိုသောက်သည်။

ဆေးလိမ်းသည် (ဆေး+လိမ်းသည်) ဆေးကိုလိမ်းသည်။

လက်နာသည် (လက်+နာသည်) လက်၌နာသည်။

ဒါနပြုသည် (ဒါန+ပြုသည်) အလှူဒါနကိုပြုလုပ်သည်။

မေတ္တာပို့သည် (မေတ္တာ+ပို့သည်) မေတ္တာများကိုပို့သည်။

စသည်တို့ပင် ဖြစ်သည်။

ယင်းနာမ်ပေါင်းကြိယာဖြင့် မြန်မာဝေါဟာရ ဝါကျ၌သုံးစွဲပုံ။

ဦးလှ ထမင်း စားနေသည်=ဦးလှသည် ထမင်းကို စားနေသည်။

ဦးမြ လက်နာ နေသည်=ဦးမြသည် လက်၌ နာနေသည်။

၃။ ကြိယာပေါင်းကြိယာ

ကြိယာ+ကြိယာ=ကြိယာပေါင်းကြိယာ ဟူသည်မှာ ကြိယာနှစ်ခု ပေါင်းစပ်ပြီး ဖြစ်ပေါ်လာသော ကြိယာပုဒ်များ ဖြစ်ကြသည်။ ယင်းတို့ကား—

ကာဆီးသည် (ကာ+ဆီးသည်) ကာသည်၊ ဆီးသည် [ကာခြင်း၊ ဆီးခြင်း၊ ကြိယာ ၂-ခုပေါင်း] မှတ်။

ပြောဆိုသည် (ပြော+ဆိုသည်) ပြောသည်ဆိုသည်။

လုပ်ကိုင်သည် (လုပ်+ကိုင်သည်) လုပ်သည့်ကိုင်သည်။

စိုက်ပျိုးသည် (စိုက်+ပျိုးသည်) စိုက်သည်ပျိုးသည်။

ရောင်းဝယ်သည် (ရောင်း+ဝယ်သည်) ရောင်းသည်ဝယ်သည်။

စားသောက်သည် (စား+သောက်သည်) စားသည်သောက်သည်။

မေးမြန်းသည် (မေး+မြန်းသည်) မေးသည်မြန်းသည်-စသည်တို့ပင် ဖြစ်သည်။

ယင်းကြိယာ(၃)မျိုးကို မြန်မာဘာသာဝေါဟာရ၌ သုံးစွဲခြင်းပြုသည်။

---

### ကဗျာလင်္ကာသုံး ကြိယာ

ကဗျာလင်္ကာသုံးကြိယာကား ပြဆိုခဲ့ပြီးကြိယာတို့နှင့် မည်သို့မျှမသက်ဆိုင်ပေ ယင်းပျို့ ကဗျာ လင်္ကာ ရတု ချောင်း မော်ကွန်း-စသော ကဗျာအဖွဲ့တို့၌မူ-အဆုံးချ, အဆုံးသတ်, ရေးသားအပ်သော "၏, တည်း, သည်, တမုံ့" စသည်များကိုသာ ကြိယာဟူ၍ တင်စားခေါ်ဝေါ်ထားပေသည်။

လျှင် လျှင်း မူကား၊ ဝယ် သား တမင့် (လ) တမုံ့နှင့်ကို-ဟူသော လင်္ကာ၌ ဆိုသော ကြိယာပုဒ် ခြောက်ဆယ်ရှိပေသည်။

ကြိယာပုဒ်အကြောင်း ပြီး၏။

## ကာရကဝိဘတ် အကြောင်း

မြန်မာဘာသာ၌ " သည်, ကား, မှ, က" စသည်များကို ဝိဘတ်ဟုခေါ်သည်၊ ယင်း-ဝိဘတ်တို့ကို စကားပြောဆိုကြရာ၌ "ဦးလှ ထမင်းစားနေသည်" စသည်ဖြင့် ဝိဘတ်မြုပ်ပြောဆိုသုံးစွဲရိုး ရှိသော်လည်း စာသုံး, ကဗျာသုံးတို့၌မူ အပါများစေရသည်၊

မြန်မာဘာသာ၌ ဝိဘတ်သည် ၁။ ကတ္တားဝိဘတ်။ ၂။ ကံဝိဘတ်။ ၃။ကရိုဏ်းဝိဘတ်။ ၄။သမ္ပဒါန်ဝိဘတ်။ ၅။ အပါဒါန်ဝိဘတ်။ ၆။ ဩကာသဝိဘတ်။ ၇။ သာမိဝိဘတ်။ ၈။ အာလုပ်ဝိဘတ်။ ၉။ ဟိတ်ဝိဘတ်-ဟူ၍ (၉)ပါး အပြားရှိသည်-ထိုတွင်-

၁။ ကြိယာကို ပြီးစေတတ်သော အနက်ကိုပြတတ်သော ဝိဘတ်သည် ကတ္တားဝိဘတ်မည်၏။ "သည်, ကား, မှာ, က" (၄) လုံးတည်း။

၂။ ကြိယာဖြင့် ရောက်အပ်သော အနက်ကိုပြတတ်သော ဝိဘတ်သည်ကံဝိဘတ်မည်၏။ "ကို, သို့" (၂) လုံးတည်း။

၃။ ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော အနက်ကိုပြတတ်သော ဝိဘတ်သည် ကရိုဏ်းဝိဘတ်မည်၏။ "ဖြင့်, နှင့်," (၂)လုံးတည်း။

၄။ ဝတ္ထု-ကြိယာကို ခံယူခြင်းအနက်ကို ပြတတ်သော ဝိဘတ်သည် သမ္ပဒါန်ဝိဘတ်မည်၏။ "အား, ငှာ, ဖို့" (၃) လုံးတည်း။

၅။ ဖဲခွာ-ကင်းရာဖြစ်သော အနက်ကိုပြတတ်သော ဝိဘတ်သည် အပါဒါန်ဝိဘတ်မည်၏။" မှ, အောက်, ထက်,က "(၄)လုံးတည်း။

၆။ တည်ရာဘူမိသာအနက်ကို ပြတတ်သော ဝိဘတ်သည် ဩကာသဝိဘတ်မည်၏။ " ၌, မှာ, တွင်, ဝယ် " (၄)လုံးတည်း။

၇။ ပိုင်ဆိုင်ခြင်း-စပ်ယှဉ်ခြင်း-ဆက်သွယ်ခြင်းအနက်ကို ပြတတ်သော ဝိဘတ်သည် သာမိဝိဘတ် မည်၏။ "၏" (၁) လုံးသာတည်း။

၇။ ခေါ်ဝေါ်ခြင်း, ပြန်ထူးခြင်းအနက်ကို ပြတတ်သောဝိဘတ်သည် အာလုပ် ဝိဘတ်မည်၏။ "အို, ဟယ်, အချင်း" (၃)လုံးတည်း။

၉။ အကြောင်းဟူသော ဟိတ်အနက်ကို ပြတတ်သော ဝိဘတ်သည် ဟိတ်ဝိဘတ်မည်၏။ " ကြောင့်, လို့, မို့ " (၃) လုံးတည်း။

၁။ ကတ္တားဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) ဟတ္ထိပါလပျို့တွင်။ "သုံးလူ့ဘော်သည်၊ လာတော်မူပြီး၊ ရှားမီး ကျီးသို့"ဟု စပ်ရာ၌ လာခြင်းကြိယာကို ပြီးစေတတ်သော "သုံးလူ့ဘော်သည်" ဟူသောကာရကသည် ကတ္တားမည်၏။ " လာတော်မူပြီး"၌စပ်။

(ခ) ပါရမီခန်းတွင် " သုမေဓာကား၊ ထိုခါတိုးခုတ်၊ ခွန်အားထုတ် သည်"ဟုစပ်ရာ၌-အားထုတ်ခြင်းကြိယာကို ပြီးစေတတ်သော "သုမေဓာကား"ဟူသောကာရကသည် ကတ္တားမည်၏။ "ခွန် အားထုတ်သည်" ၌စပ်။

(ဂ) သုဝဏ္ဏသျှံရမောက်ကွန်းတွင် "သူ့မှာမူကား၊ တိုင်းတပါးသို့၊ မနား မနေ၊ လိုက်ရပေသည်" ဟုစပ်ရာ၌ လိုက်ရခြင်းကြိယာကို ပြီးစေတတ်သော "သူ့မှာ" ဟူသော ကာရကသည် ကတ္တား မည်၏ "လိုက်ရပေသည်"၌စပ်။

(ဃ) ကဝိမဏ္ဍနီသတ်ပုံတွင် "မယ်ကခေါ်သည်၊ မောင်ထူးမည်၊ တမျည်စိတ်ချတွေး" ဟုစပ်ရာ၌ ခေါ်ခြင်း ကြိယာကို ပြီးစေ တတ်သော "မယ်က"ဟူသောကာရကသည် ကတ္တားမည်၏။ "ခေါ်သည်"၌စပ်။

## ၂။ ကံဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) သံဝရပျို့တွင် "လုလင်စံပ၊ သံဝရကို၊ မွေးဘမင်းမြတ်၊ မေးတုံလတ်၏"ဟု စပ်ရာ၌၊ မေးခြင်းကြိယာဖြင့် ရောက်အပ်သော "သံဝရကို" ဟူသောကာရကသည် ကံမည်၏။ "မေးတုံလတ်၏" ၌စပ်။

(ခ) ဆုတောင်းခန်းတွင် "ကပိလမည်ရှောင်း၊ ပြည်တော်ဟောင်းသို့၊ ချမ်းဆောင်းလပြယ်၊ တပေါင်းငယ်၌၊ ခြောက်ဆယ်ယူဇနာ၊ ဝေးစွာခရီး သွားလေပြီးသော် "ဟုစပ်ရာ၌၊ သွားခြင်းကြိယာဖြင့် ရောက်အပ်သော "ပြည်တော်ဟောင်းသို့" ဟူသောကာရကသည်-ကံမည်၏၊ "သွားလေပြီးသော်"၌စပ်။

---

## ၃။ ကရိုဏ်းဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) ဟတ္ထိပါလပျို့တွင် "ဇာတိ, ပုည၊ ဂုဏ် မာနဖြင့်၊ သံပ ဟုံး,စုံး၊ ဘက်မဲ့ကြုံးသား"ဟု စပ်ရာ၌၊ ကြုံးဝါးခြင်း ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော "မာနဖြင့်" ဟူသောကာရကသည်။ ကရိုဏ်းမည်၏။ သံပ, ဟုံးစုံး ၌စပ်။

(မှတ်ချက်) သံပ = အသံကိုဖွင့်ထုတ်ပြောဆိုသည်။
ဟုံးစုံး = ကြုံးဝါးသည်။ [ပေါရာဏ]

(ခ) ကုသလေးဆစ်တွင် "မိခင္ဇာ-သင့်လျာကို ခင်းပါလို့၊ သန်လျက်တော်မြမြဝင်းရယ်နှင့်၊ အရင်းက ဖြတ်ချင်တယ်" ဟုစပ်ရာ၌၊ ဖြတ်ခြင်းကြိယာကို အထူးသဖြင့် ပြီးစေတတ်သော "သန်လျက်တော်၊ မြမြဝင်းရယ်နှင့်" ဟူသော ကာရကသည်။ ကရိုဏ်းမည်၏။ "ဖြတ်ချင်တယ်" ၌စပ်။

## ၄။ သမ္ပဒါန်ဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) ကုသပျို့သစ်တွင် "ကုသမင်းအား၊ သနားဖွယ်ရာ၊ ပြောကြားလာသည်" ဟုစပ်ရာ၌၊ ပြောကြားခြင်းကြိယာကို ခံတတ်သော "ကုသမင်းအား" ဟူသော ကာရကသည် သမ္ပဒါန်မည်၏။ "ပြောကြားလာသည်" ၌စပ်။

(ခ) သံဝရပျို့တွင် "စားသော ကျေးမှာ၊ နေစိမ့်ငှာလျှင်၊ အာဏာစက်လွှတ်၊ စေဘိလတ်မူ၊ မတတ်စသော၊ ဂါလည်းပြောင်းရ၊ အရာကျချိမ့်" ဟုစပ်ရာ၌၊ စေလွှတ်ခြင်းကြိယာကို ခံတတ်သော "နေစိမ့်ငှာ" ဟူသော ကာရကသည် သမ္ပဒါန်မည်၏။ "စေဘိလတ်မူ" ၌စပ်။

---

## ၅။ အပါဒါန်ဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) ဆုတောင်းခန်းတွင် "မဟာသုဒဿန၊ ကျောင်းတော်မှလျှင်၊ ကာလတန်ပြီး ထိုခရီးသို့ ဘုန်းကြီး ကြွတော်မူလတ်သတည်း" ဟုစပ်ရာ၌၊ ကြွခြင်းကြိယာဖြင့် ကင်းတတ်သော "ကျောင်းတော်မှ" ဟူသော ကာရကသည် အပါဒါန်မည်၏။ "ကြွတော်မူလတ်" ၌စပ်။

(ခ) တောင်ငူမင်းဆိုရတုတွင် "တပေါင်းကုန်မြောက်၊ ကာလရောက်က၊ နတ်အောက်မနိမ့်၊ လူလေးငြိမ့်ကို" ဟုစပ်ရာ၌၊ နိမ့်ခြင်းကြိယာဖြင့်ကင်းတတ်သော "နတ်အောက်" ဟူသောကာရကသည် အပါဒါန်မည်၏ "နိမ့်ခြင်း ကြိယာ" ၌စပ်။

(ဂ) ၁။ ရှင်ရဋ္ဌသာရဆို ရတုတွင် "နတ်ဘုံရွာလည်း၊ တိမ်မှာအလှ၊ သည့်ထက်ရချိမ့်" ဟု စပ်ရာ၌ လည်းကောင်း။

၂။ ရှင်သီလဝံသဆို ရတုတွင် "ကျွန်၏လုရှာ၊ နတ်ပြည်မှာလည်း၊ ရှာသေ၁်သည့်ထက်၊ ဘယ်မှာထွက်ချိမ့်" ဟု စပ်ရာ၌ လည်းကောင်း ရေတွက်ခြင်းကြိယာဖြင့် ကင်းတတ်သော "သည့်ထက်" ဟူသော ကာရကသည် အပါဒါန်မည်၏။ "ရချိမ့်, ထွက်ချိမ့်" တို့၌စပ်။

(သ) စတုဓမ္မသာရပျို့တွင် "ပရိက္ခရာ၊ ခန်းဝါကစ၊ ဟူသမျှလျှင် ငါမှမပြား ' ဟုစပ်ရာ၌ မကွဲပြားခြင်း ကြိယာဖြင့် ကင်းတတ်သော "ပရိက္ခရာ, ခန်းဝါက" ဟူသောကာရကသည် အပါဒါန်မည်၏ "မကွဲမပြား"၌စပ်။

---

## ၆။ ဩကာသဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) သံဝရပျို့တွင် "တိလောကနတ်၊ ဆရာထွဋ်ကား ကျောင်းမြတ်ဗိမာန်၊ ဇေတဝန်၌၊ လေးတန်ယာပိုထ်၊ နေသောကြိုက်ဝယ်" ဟုစပ်ရာ၌၊ နေခြင်းကြိယာ၏ တည်ရာဖြစ်သော "ဇေတဝန်၌" ဟူသောကာရကသည် ဩကာသမည်၏"နေသောကြိုက်ဝယ်" ၌စပ်။

(ခ) ကုသပျို့သစ်တွင် "ဆင်ပြတ်ယာဉ်သာ၊ ကျောက်ကုံးမှာလျှင်၊ ပဘာကိုတင်" ဟုစပ်ရာ၌၊ တင်ဆောင်ခြင်း ကြိယာ၏ တည်ရာဖြစ်သော "ကျောက်ကုံးမှာ" ဟူသောကာရကသည် ဩကာသမည်၏ "တင်ဆောင်ခြင်း ကြိယာ"၌စပ်။

(ဂ) ပါရမီခန်းတွင် "တလုစ်ယင်းက၊ ကပ္ပိလတွင်၊ နှမနှင့်မောင်၊ ပြည်ထဲဆောင်သား"ဟုစပ်ရာ၌ ပြည်ရေးပြည်မှုကို ဆောင်ရွက်ခြင်း ကြိယာ၏ တည်ရာဖြစ်သော "ကပ္ပိလတွင်"ဟူသောကာရကသည် ဩကာသမည်၏။ "ပြည်ထဲဆောင်သား"၌စပ်။

(ဃ) အနုသာသနီပျို့တွင် "အလိုက်အလိုက်၊ လူတို့ဌဝယ်၊ ကြက်တိုက် အန်ခတ်" ဟုစပ်ရာ၌။ ကြက်တိုက်ခြင်း, အန်ခတ်ခြင်း ကြိယာ၏ တည်ရာဖြစ်သော "လူတို့ဌဝယ်" ဟူသောကာရက သည် ဩကာသမည်၏ "ကြက်တိုက်, အန်ခတ်ကြိယာ"၌စပ်။

---

## ၇။ သာမိဝိဘတ်ပုံစံနှင့် စာစပ်ဟန်

ဣသိသိင်ပျို့တွင် "ဣသိသိင်၊ ရသေ့လျှင်၊ ထရှိလိုက်ကာ၊ လမ္ဘုသာ၏၊ တင့်စွာဆံထုံး၊ သုံးသပ်ပြီးလျှင်" ဟုစပ်ရာ၌။ လမ္ဘုသာ၏ ဟူသောပုဒ်သည် ဆံထုံးကိုပိုင်ဆိုင်ခြင်း, ဆံထုံးနှင့်စပ်ခြင်း အနက်ကို ပြတတ်သောကြောင့် သာမိမည်၏ "ဆံထုံး"၌စပ်

---

## ၈။ အာလုပ်ဝိဘတ် ပုံစံနှင့် စာစပ်ဟန်

(က) စတုဓမ္မသာရပျို့တွင် "လိမ္မာပြည့်သည့်၊ တပည့်ခြောက်သောင်း၊ အို....သားကောင်းတို့" ဟု စပ်ရာ၌ "အို" ဟူသော၊ သဒ္ဒါသည်လည်းကောင်း၊

(ခ) စတုဓမ္မသာရပျို့တွင်ပင် "နှစ်သက်နာဖွယ်၊ နှုတ်သံငယ်နှင့်၊ ဟယ်ဟယ် ပြာဟ္မဏ၊ အာလုပ်ဟလျက်" ဟု စပ်ရာ၌ "ဟယ်ဟယ်" သဒ္ဒါသည်လည်းကောင်း။

(ဂ) ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် "ဝမ်းတော်ပါး၍၊ ကြိုးစားသတင်း အချင်း ခေါ်ညွန်း" ဟု စပ်ရာ၌ အချင်းသဒ္ဒါသည် လည်းကောင်း၊ ခေါ်ခြင်း, ထူးခြင်းအနက်ကို ပြတတ်သောကြောင့် "အာလုပ်ဝိဘတ်" မည်၏။ အာလုပ်ဝိဘတ်ကား စပ်စရာမရှိမှတ်။

## ၉။ ဟိတ်ဝိဘတ် ပုံစံနှင့် စာစပ်ဟန်

သမ္ဘာလပျို့တွင် "ခေါ် လျှင်မကြား၊ အိမ်ရှေ့ဖျားကြောင့်၊ သနားဇရာ၊ ငိုကြွေးရှာ၏" ဟု စပ်ရာ၌ ငိုကြွေးရခြင်း၏ အကြောင်းကို ပြထတ်သော "အိမ်ရှေ့ဖျားကြောင့်" ဟူသော ပုဒ်သည် "ဟိတ်" မည်၏။ ငိုကြွေးရှာ၏-၌ စပ်။

ဝိဘတ်အကြောင်း ပြီး၏။

---

## ကြိယာဝိသေသနအကြောင်း

ကြိယာဝိသေသနဟူသည် ဝါကျတခု၏ အဆုံးသတ် ပဓာနကြိယာသို့ မဆိုက်ရောက်မီ ဝါကျတွင်း၌ ဆိုက်စပ်လျက် အထူးပြုပေးတတ်သော အ-ပဓာနကြိယာကိုပင် ဆိုသည်။ ယင်း အ-ပဓာနကြိယာသည် ပဓာနကြိယာကြီးကို အထူးပြုပေးတတ်သောကြောင့် ကြိယာဝိသေသနဟု အမည်ရသည်။

ကြိယာဝိသေသန အမည်ရသော မြန်မာသဒ္ဒါပုဒ်များမှာ—လျောက်, လျက်, စွာ, ၍, ပြီး, ပြီး၍, ပြီးမူ, အောင်, တိုင်, မှသော်, သော်လည်း, အားဖြင့်, သဖြင့်, လျှင်ဖြင့်, မျှ—စသည်တို့ ဖြစ်သည်၊ ယင်းသဒ္ဒါပုဒ်တို့နှင့် ပူးတွဲယှဉ်စပ်သုံးစွဲသော ပုဒ်များသည် "ကြိယာဝိသေသန" မည်ကုန်၏။

ဥပမာ—မြင်းသည် လျင်မြန်စွာ ပြေးသည်-ဟူသော မြန်မာဝါကျ၌ "လျင်မြန်စွာ" ပုဒ်သည် "ပြေးသည်" ဟူသော ပဓာနလိုရင်း ကြိယာကို "လျင်လျင်မြန်မြန်ပြေးသည်" ဟု အထူးပြုပေးတတ်သောကြောင့် ကြိယာဝိသေသနပုဒ် မည်၏။

### ကြိယာဝိသေသန (၃)မျိုး

၁။ မူလကြိယာဝိသေသန

၂။ သမ္ဘန္ဓကြိယာဝိသေန

၃။ ပုစ္ဆာကြိယာဝိသေသန-ဟူ၍ (၃)မျိုးရှိသည်။

၁။ မူလသဘောအတိုင်း ကြိယာကို အထူးပြုသော ဝိသေသနသည် မူလကြိယာဝိသေသန မည်၏။

စတုဓမ္မသာရပျို့တွင် "အကြောင်းကုန်အောင်၊ ဆောင်လိုရကား၊ အင်ရှစ်ပါးဖြင့်" ဟု စပ်ရာ၌ "ကုန်အောင်" ဟူသော ဝိသေသနသည် မူလကြိယာဝိသေသန မည်၏။

၂။ ဆက်စပ်သော စကားဖြင့် ကြိယာကို အထူးပြုတတ်သော ဝိသေသနသည် သမ္ဗန္ဓကြိယာဝိသေသန မည်၏။

ကုသပျို့တွင် "ပဘာဝတီ၊ နန်းသိဂ်ိကို၊ ဗောဓိကုသ၊ လွန်တောင်းတလျက်၊ စိတ်ကမဆည်း၊ မချုပ်တည်းပဲ၊ လိုက်လည်း လိုက်သည်" ဟုစပ်ရာ၌ "လိုက်လည်း" ဟူသော ဝိသေသနသည် သမ္ဗန္ဓကြိယာဝိသေသန မည်၏။

၃။ အမေးစကားပါရှိသော ကြိယာဝိသေသနသည် ပုစ္ဆာကြိယာဝိသေသန မည်၏။

"မောင်စံသူ မှာတမ်းတွင် "ဘယ်သို့ဖြစ်သည်၊ မယ့်ကြံရည်ကို၊ ဉာဏ်ခြည်မသိ၊ နေမထိအောင်" ဟု စပ်ရာ၌ "ဘယ်သို့"ဟူသော ဝိသေသနသည် ပုစ္ဆာကြိယာဝိသေသနမည်၏။

မှတ်ချက်—မျိုးတူကို စွဲ၍ ခွဲခြားခြင်းမျှသာဖြစ်သည်။သာမန်အားဖြင့်သော် ကြိယာဝိသေသနချည်းသာတည်း။

ကြိယာဝိသေသနပုံစံများ

၁။ ပြန်လည်ခွန်းမိန့်၊ မယ်မအိမ့်လျှင်ဖြင့်။

၂။ မဖြစ်လျှင်ကြော၊ ဖြစ်လျှင်သော၊ လူလေအတတ်၊ အဂ္ဂိယတ်။

၃။ ငယ်သေးစွာလှ၊ ကညာမကို၊ အလိုမတူ။

၄။ စည်းစိမ်ခိုင်ဖြိုး၊ ရှယ်တိုင်းပြီးမူ၊ ဆွေနီးမျိုးစပ်။

(မှတ်ချက်) အိမ့် = (ပေါ်ရာက) ဟုတ်ပြီ ကောင်းပြီ ဝန်ခံခြင်း။
ခိုင်ဖြိုး = ပေါများ၊ ပြည့်စုံ။

ကြိယာဝိသေသနအကြောင်း ပြီး၏။

## ပဒါလင်္ကာရ

"ပဒါလင်္ကာရ" ဟူသည်မှာ "ပုဒ်၏တန်းဆာ" ပင် ဖြစ်သည်။ ကဗျာလင်္ကာအဖွဲ့ထဲ၌ မိမိအနက် သီးခြားမရှိပဲ ရွတ်ဖတ်ရာ၌ ချောမောပြေပြစ်စေရန် လည်းကောင်း၊ သာယာနာပျော်ဖွယ်ဖြစ်စေရန် လည်းကောင်း၊ တန်ဆာဆင်ရုံမျှသာဖြစ်သော အက္ခရာတို့ ဖြစ်သည်။

ပဒါလင်္ကာရအဖြစ် သုံးစွဲရိုးပြုသော အက္ခရာများကား—

လေ, လေး။ လ, ကိုလ, မှာလာ။ ဘု, ဘူး, ပါဘု, ပါဘူး။
တယ်, မယ်, ငယ်, ရယ်, ကယ်၊
ကွယ်, ကွဲ့။ ရဲ့, ငဲ့, တဲ့။
ဟာ, ပါ, ထာ။ တော့, နော့·စသည်တို့ ဖြစ်သည်။

(က) အချုပ်တန်း ဆရာဘေရေး "ဆောင်းဘွဲ့" ပုံစံ

သဥ္စာလီ ငွေပြဒါးမှာဖြင့်၊ ခင်သာကြီ တမေပုကို(လ)၊
မေယခုပိုက်လှဲ့ဆို။
မလုံသေးနိုင်(ဘု)၊
တုံအေးရှာ ထင်တမေ (ငဲ့)။ ရွှေရင်ကို လေပြော (တယ်)၊
သဲစိမ့်ကြွပို။ ။

(ခ) အချုပ်တန်းဆရာဘေရေး "နွေဘွဲ့" ပုံစံ

မွှေးနံ့သာ ကြည်ရေမြ(ငယ်)နှင့်၊ လေးကညာ သည်နွေလမှာ(လ)။
ပြည်လေခ ပြတင်းပေါ်။
လေမွှေ့ရာ ကြာခြည်ထက်မှာ (လ)၊
ဒေပွေ့ကာ သာမှိရက်(ကယ်)နှင့်၊ ဘုန်းစက်မပျော်။ ။

ယင်းအဖွဲ့တို့၌ "လ, ဘု, ငဲ့, ငယ်, ကယ်" တို့ကား ပဒါလင်္ကာရမျှသာမှတ်လေ။

## ပဒုမ္မရာဂ

“ပဒုမ္မရာဂ”ဟူသည်မှာ မိမိ၏အနက် သီးခြားမထွက် အပိုဒ်လုံးရေ ပြည့်ရုံမျှ ထည့်စွက်ထားသော အက္ခရာများဖြစ်သည်။ ယင်းပဒုမ္မရာဂ အက္ခရာမှာ သတ်မှတ်ချက်မရှိပေ။ အပိုဒ်လုံးရေ ပြည့်ရုံမျှ ဖြစ်၍ အနက်ထူးမရ အက္ခရာမှန်သမျှကိုပင် ပဒုမ္မရာဂမှတ်ရာ၏။

**ပုံစံကား။** ။ထိုပြည်တွင်၌၊ ဘိုးစဉ်ဘောင်ဆက်၊ ဘေးလက်ထက်က၊ အနှက်ဆည်းပူး” ဟူ၍—ကိုးခန်းပျို့ စပ်ဆိုဝယ် “ဘောင်” သည် မိမိအနက်ထူးမထွက် ပိုဒ်ပြည့်ရုံမျှဖြစ်ရကား ပဒုမ္မရာဂပင် ဖြစ်သည်။

ပဒါလင်္ကာရနှင့် ပဒုမ္မရာဂအကြောင်းပြီး၏။

## လေ့ကျင့်ခန်း (၁)

မဏိကုဏ္ဍလဝတ္ထု"မဟာသုတသောမ"မှ ကောက်နုတ်ချက်။

အောက်ပါ မြန်မာဘာသာ "စာပေ"အဖွဲ့၌ ပါဝင်သော ပုဒ်တို့၏ ကာရကအမည်နှင့်စပ်ရာပုဒ်တို့ကို အသီးသီးညွှန်ပြ ဖြေဆိုခဲ့ပါ။

(က) ထိုအခါ၌ =ကာလပြ - သာမညာဓာရ+ သင်လာကုန်၏....၌စပ်

ဇမ္ဗူဒိပါကျွန်းအပြင်တွင်[၁] =ဌာနပြ-သာမညာဓာရ+သင် လာကုန်၏....၌စပ်

တရာမကသော မင်းသားတို့သည်=ကတ္တား + သင်လာကုန်၏ ၌စပ်

လည်း =နိပါတ် (စပ်ရာမရှိ)

ထိုဆရာထံ၌ =ဝိသေသာဓာရ + သင်လာ ကုန်၏....၌စပ်

အတတ်ပညာ =ကံ+ သင်ယူခြင်းကြိယာ၌စပ်

သင်လာကုန်၏ =သင်ယူရန် လာကုန်၏ (ပဓာန) နာမ်ပေါင်းကြိယာ

(ခ) ထိုမင်းသားအပေါင်းတို့တွင် =ထုတ်ယူရာအပေါင်း + သုတ- သောမမင်းသား- အစိတ်၌စပ်

သုတသောမ မင်းသားသည် =ကတ္တား + အကြီးမြောက်၍, ဆရာစောင်ပြု၍, သင်ပေ၏ တို့၌စပ်။

---

မှတ်ချက်။ ။၁။ ကျွန်းအပြင်တွင်—ကျွန်းမြေပြင်တွင်။

| | |
|---|---|
| အကြီးမြောက်၍[၁] | =အပခါနကြိယာ+ဆရာစောင်ပြု၍,သင်ပေ၏တို့၌စပ်။ |
| အလုံးစုံသော အတတ်ပညာကို | =ကံ+တတ်၍လျှင်၌စပ်။ |
| မမြင့် ခင် | =ကြိယာဝိသေသန + ထင်၍လျှင်၌စပ်။ |
| တတ်၍လျှင် | =ကြိယာဝိသေသန + ဆရာစောင်ပြု၍,သင်ပေ၏တို့၌စပ်။ |
| အဆွေခင်ပွန်းဖြစ်သော | |
| ဖြဟ္မဒတ်မင်းသားအား | =သမ္ပဒါန်+သင်ပေ၏၌စပ်။ |
| ဆရာစောင်ပြု၍[၂] | =အပခါနကြိယာ+ သင်ပေ၏၌စပ်။ |
| သင်ပေ၏ | =ပဓာနကြိယာ။ |
| (ဂ) ထိုမင်းသားတို့ | =ကတ္တား+ တောင်းပန်ထွာ၍, ထွက်ခဲ့ကုန်၏တို့၌စပ်။ |
| လည်း | =နိပါတ်+ |
| အတတ်ပညာ | =ပူ ဏကရိုက်း+ ပြည့်စုံကြပြီးသော်၌စပ်။ |
| ပြည့်စုံကြပြီးသော် | =အပခါနကြိယာ+ ရှိခိုးဝန္ဒနာ တောင်းပန်ထွာ၍, ထွက်ခဲ့ကုန်၏တို့၌စပ်။ |

---

၁။ အကြီးမြောက်၍=အကြွးအကဲဖြစ်ပေ၍၊ ခေါင်းဆောင်ဖြ လာ၍

၂။ ဆရာစောင်=ဥရုံဆရာ,လက်ထောက်နည်းပြဆရာ

| | |
|---|---|
| ဆရာကို | =ကံ + ရှိခိုးဝန္ဒနာ တောင်းပန်ထွာ၍၌စပ်။ |
| ရှိခိုးဝန္ဒနာ တောင်းပန်ထွာ၍ | =အပဓာနကြိယာ + ထွက်ခဲ့ကုန်၏၌စပ်။ |
| သုတသောမ မင်းသားကို | =ကံ+ခြံရံလျက်၌စပ်။ |
| ခြံရံလျက် | =ကြိယာဝိသေသန + ထွက်ခဲ့ကုန်၏၌စပ်။ |
| တက္ကသိုလ်ပြည်မှ | =အပါဒါန်+ ထွက်ခဲ့ကုန်၏၌စပ် |
| ထွက်ခဲ့ကုန်၏ | =ပဓာနကြိယာ |

---

## လေ့ကျင့်ခန်း (၂)

သုဝဏ္ဏသာမ မြားခတော်မူခန်းမှ ကောက်နုတ်ချက်

အောက်ပါ မြန်မာဘာသာ“စာပေ” အဖွဲ့၌ ပါဝင်သော ပုဒ်တို့၏ ကာရကအမည်နှင့် စပ်ရာပုဒ်ကို အသီးသီးညွှန်ပြဖြေဆိုပါ—

| | |
|---|---|
| (က) ထိုအခါ | =ကာလပြ · သာမညာဓာရ+ မင်းပြု၏၌စပ် |
| ဗာရာဏသီပြည်၌ | =ဌာနပြ· ဝိသေသာဓာရ + ။ |
| ပိဠိယက္ခမင်းသည် | =ကတ္တား + ။ |
| မင်းပြု၏ | =မင်းအဖြစ်ကိုပြု၏ (ပဓာန) နာမ်ပေါင်းကြိယာ။ |

ပထမလတ်တန်း စာစပ်အခြေပြု နိဿယအဖြေ

| | |
|---|---|
| ထိုပီဠိယက္ခမင်းသည် | =ကတ္တား + အပ်နှင်းခဲ့၍, ဝင်၍, ရောက်လတ်၍,ရောက်လေ၏တို့၌စပ် |
| သမင်သားကို | =ကံ+စားကြူးခြင်းကြိယာ၌စပ် |
| စားကြူးသောကြောင့် | =ဟိတ် + ဝင်ခြင်း, ရောက်ခြင်း ကြိယာတို့၌စပ် |
| မယ်တော်အား | =သမ္ပဒါန် + အပ်နှင်းခြင်း ကြိယာ၌စပ် |
| ပြည်ကို | =ကံ+အပ်နှင်းခြင်းကြိယာ၌စပ် |
| အပ်နှင်းခဲ့၍ | =အပဓာနကြိယာ+ ဝင်၍, ရောက်လတ်၍,ရောက်လေ၏တို့၌စပ် |
| မြဲမြန်စွာ | =ကြိယာဝိသေသန+ဖွဲ့ခြင်းကြိယာ၌စပ် |
| ဖွဲ့အပ်သော ငါးပါးသော | |
| လက်နက်ရှိသည်ဖြစ်၍ | =ကြိယာဝိသေသန+ဝင်ခြင်း ကြိယာ၌စပ် |
| ဟိမဝန္တာသို့ | =ကံ+ဝင်ခြင်းကြိယာ၌စပ် |
| ဝင်၍ | =အပဓာနကြိယာ+ရောက်လတ်၍, ရောက်လေ၏တို့၌စပ် |
| သမင်တို့ကို | =ကံ+သတ်ခြင်းကြိယာ၌စပ် |
| သတ်ပြီးလျှင် | =ကြိယာဝိသေသန+ စားခြင်းကြိ-ယာ၌စပ် |
| သမင်သားကို | =ကံ+စားခြင်းကြိယာ၌စပ် |

| | |
|---|---|
| စားလျက် | =ကြိယာဝိသေသန + ရောက်ခြင်းကြိယာ၌စပ် |
| မိဂသမ္မတာမြစ်သို့ | =ကံ+ရောက်ခြင်းကြိယာ၌စပ် |
| ရောက်လတ်၍ | =အပဓာနကြိယာ + သွားခြင်း, ရောက်ခြင်းကြိယာတို့၌စပ် |
| အစဉ်သဖြင့် | =ကြိယာဝိသေသန + သွားခြင်းကြိယာ၌စပ် |
| သွားလေသည်ရှိသော် | =အပဓာနကြိယာ+ ရောက်လေ၏၌စပ် |
| သုဝဏ္ဏသာမ၏ | =သမ္ဗန်+ ရေခပ်ဆိပ်၌စပ် |
| ရေခပ်ဆိပ်သို့ | =ကံ+ရောက်လေ၏၌စပ် |
| ရောက်လေ၏ | =ပဓာနကြိယာ |

---

## လေ့ကျင့်ခန်း (၃)

### ဥမ္မာဒန္တီပျို့မှ ကောက်နုတ်ချက်

အောက်ပါ ဥမ္မာဒန္တီပျို့၌ ပါဝင်သောပုဒ်တို့၏ ကာရကအမည်နှင့် စပ်ရာပုဒ်တို့ကို အသီးအသီးညွှန်ပြဖြေဆိုပါ–

| | |
|---|---|
| စံပယ်မုလေး၊ ကြိုင်ကြိုင်မွှေးကို | =ကံ+ထည့်ခြင်းကြိယာ၌စပ် |
| ခံသွေးနီမောင်း၊ ရွှေပန်းတောင်း၌ | =အာဓာရ+ ထည့်ခြင်းကြိယာ၌စပ် |
| ပန်းကောင်းရွေးကြည့်၊ ပန်းစုံ | |
| ထည့်လျက် | =ကြိယာဝိသေသန+စောင့်နေခြင်း ပဓာနကြိယာ၌စပ် |

ရွှေပြည့်သခင်၊နတ်ရှင်ဘုန်းမော် =ကတ္တား+လာခြင်းကြိယာ၌စပ်

လာလတ်သော်တည့် =အပဓာနကြိယာ+ရုပ်ပုံပြမည်၌စပ်

ကိုယ်တော်နှလုံး၊ ယူကျုံးမရ
နောင်တကြီးစွာ၊ ဖြစ်စိမ့်ငှာကို } အကျိုးသာမ္ဒါန်+ဝတ်စားကောင်းစွာ ဆင်မြန်းခြင်း - အကြောင်းကြိယာ၌စပ်

လည်မှာပြိုးပြက်၊ စိန်ဘယက်နှင့်၊
လက်ကောက်ပုလဲ၊ အာနီခဲမှ၊
ရွှဲရွှဲလျှံမောင်း၊ နားဒေါင်းပတ္တမြား
ဝတ်စားကောင်းစွာ တန်ဆာညီးညီး } ကံ+ဆင်မြန်းဝတ်ရုံခြင်းကြိယာ၌စပ်

ဆင်ဝတ်ပြီးလျှင် ="ဆင်မြန်းခြင်း + ဝတ်ရုံခြင်း" (အပဓာန) ကြိယာပေါင်း ကြိယာ+ပြမည်,စောင့်နေတို့၌စပ်

အနီးရောက်က၊ =ကြိယာဝိသေသန+ ပြမည်၌စပ်

ရုပ်ပုံပြမည်၊ =အပဓာနကြိယာ+ စောင့်နေခြင်းကြိယာ၌စပ်

ပြူဝအတွင်း၊ ရွှေပြတင်းက၊ =အပါဒါန်+စောင့်နေနှင့်သည်၌စပ်

မင်းအလာချင့်၊စောင့်နေနှင့်သည် =ပဓာနကြိယာ

ငါးဆင့်ဘုံသွေးရောင်ဝါတည်း။ =ဥမ္မာဒန္တီ၏လှမျိုးကြွယ်ပုံတည်း ....

မြန်မာဘာသာ စာစပ်နည်းပြီး၏။

သိဒ္ဓိရတ္ထု+သုဘမတ္ထု+သိရိရတ္ထု

---

ပ-မ-သ-စ-၃၁၀၇—၂၅ ၁၁-၈၅—၁၀၀၀၀။ (၁)

# ပရိယတ္တိပညာရေးစီမံကိန်း

ပါဠိဘာသာတတ်အောင် သင်ကြားရာတွင် ရေးတတ်ချင်လျှင် များများရေးရမည်၊ ပြောတတ်ချင်လျှင် များများပြောရမည်ဆိုသော သဘာဝအတိုင်း လေ့ကျင့်ခန်းများစွာပေး၍ များများရေးသား လေ့ကျင့်ခွင့်ရအောင် ဆရာသမားများက စီစဉ် သင်ကြားရမည် ဖြစ်ပါသည်။

မြန်မာစာတော်ရေးကိုစွတွင် စာရေးတတ်၊ ဖတ်တတ်ရုံမျှဖြင့် မြန်မာစာတတ်သည်ဟူ၍လည်းကောင်း၊ ပါဠိတတ်လျှင် မြန်မာစာ တတ်တာပဲ ဟူ၍လည်းကောင်း၊ မြန်မာစာကို အထူးတလည် သင်ဖို့မလိုဖူး ဟူ၍လည်းကောင်း၊ ထင်မှတ် ကြသူများ ရှိတတ်ပါသည်။ သို့သော် ဤသို့မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် မြန်မာစာကို အထူးဝိသေသပြု၍ မသင်ယူလျှင် မတတ်သောကြောင့်ပင် ဖြစ်ပါသည်။ ယခုခေတ်၌ ရေးသား နေကြသော မြန်မာစာများအနက် ငါးဆယ် ရာနှုန်းလောက်သာ သုဟာသူပြည့်စုံပြီး မှန်ကန်ပါသည်။ ကျန် ငါးဆယ်ရာနှုန်းလောက်မှာကား စာဖတ်သူက မှန်အောင်အဓိပ္ပာယ်ယူပြီး ဖြည့်ဖတ်သွားကြရသည့် စာများပင် ဖြစ်ကြောင်း မြန်မာစာတတ်သူတို့က သိရှိနေကြပါသည်။